# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 24 June 2022 ၁၀၇၇၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရခိုင်ပြည်နယ် မောင်တောနယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်များ တင်ပို့မှုကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်သို့ ရေချိုထွက်ကုန်တင်ပို့မှု ဈေးကွက်ရရှိထား၍ ရခိုင်ပြည်နယ်၌ ရေချိုငါးမွေးမြူရေးကဏ္ဍ ဦးတည်ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၂၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုထွက်ကုန်တင်ပို့မှု ဈေးကွက်ရရှိထားသောကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့၏ နည်းပညာနှင့် အရင်းအနှီး ဖြည့်ဆည်းမှုဖြင့် ပြည်နယ် ရေချိုငါးမွေးမြူရေးကဏ္ဍကို ဦးတည်ဆောင်ရွက်နေကြောင်း သိရသည်။

**ရေထွက်ကုန်များ တင်ပို့လျက်ရှိ**

ရခိုင်ပြည်နယ်ရှိ မောင်တောနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးဂိတ်နှစ်ခုမှ ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်း၊ ငါးပါးနီ၊ ငါးမုတ်မည်း၊ ငါးသလောက်၊ ကျောက်ပုစွန်၊ ငါးစုံကလေးခြောက်၊ ငါးနီတူခြောက်၊ ငါးကုန်းညှိခြောက်၊ ငါးနှပ်ခြောက်၊ ကင်းမွန်ခြောက်၊ ငါးကွမ်းရှပ်၊ ရေငန်ငါး/ပုစွန်၊ ရွှံ့ကဏန်း၊ ကဏန်းပျော့နှင့် ခုံး(ဂုံး)အစို စသည့်ရေထွက်ကုန်များကို တင်ပို့လျက်ရှိသည်။

“ပြည်နယ်မှာ ရေချိုငါးမွေး ကန်ဧက ၅၀၀ နီးပါးရှိပြီး ဘင်္ဂလားဒေ့ရှ်ကို ရေချိုငါး တင်ပို့တဲ့ ဈေးကွက်ရှိနေတာကြောင့် ရေချိုငါးမွေးမြူရေးကဏ္ဍကို ဦးတည်ပြီး ဆောင်ရွက်နေတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ၊ ဒီရေတောတွေကို ခုတ်ထွင်ခြင်းမပြုဘဲ ပုစွန်/ကဏန်းမွေးမြူနိုင်တဲ့ Mangrove Friendly Farming System ကို ဆောင်ရွက်သွားမယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဇွန် ၂၃

| | |
|---|---|
| ဝ | ၃ ဒသမ ၆၂ လက်မ |
| တီးတိန် | ၃ ဒသမ ၁၉ လက်မ |
| သံတွဲ | ၂ ဒသမ ၈၈ လက်မ |
| ပူတာအို | ၂ ဒသမ ၁၂ လက်မ |
| ခန္တီး | ၁ ဒသမ ၈၅ လက်မ |
| ရေး | ၁ ဒသမ ၅၇ လက်မ |


**ယနေ့ ဖတ်စရာ**



မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်
ဆောင်းပါး စာမျက်နှာ » ၆

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိ
စာမျက်နှာ » ၁၂

အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ဝင် ကမ္ဘောဒီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများ
ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# ဗုဒ္ဓသာသနာ နေလပမာထွန်းလင်း

"ဓမ္မဝိနယ"ဟုခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ထင်ရှားစွာရှိနေသမျှကာလပတ်လုံး မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိနေသည်မည်၏။ "သာသနာ"ဟူသည်မှာ ဤ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များပင်ဖြစ်၏။ အဆိုပါ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ရှိနေသမျှကာလပတ်လုံး မြတ်စွာဘုရားရှင်လည်းရှိနေသည်မည်၍ သာသနာတော်လည်းထွန်းကားနေမည်ဖြစ်၏။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များကွယ်ပျောက်ပါက မြတ်စွာဘုရားလည်းပျောက်ကွယ်ပြီး သာသနာလည်းကွယ်ပျောက်သွားမည်ဖြစ်သည်။ သာသနာကွယ်ပျောက်ခြင်းသည် လောကကြီးတစ်ခုလုံး အမှောင်အတိဖုံးလွှမ်းသွားခြင်းဖြစ်သည်။ ထို့ကြောင့်သာသနာတော်ကိုမကွယ်ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ သာသနာတော်မကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်ရာ၌ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရနိုင်လိမ့်မည်မဟုတ်ပေ။ ရုပ်ဝတ္ထုပစ္စည်းတို့သည် တစ်နေ့တွင်ပျက်စီးခြင်းဖြစ်နိုင်ပေသည်။

သာသနာတော် အရှည်တည်တံ့ခိုင်မြဲရန်အတွက် မြတ်စွာဘုရားရှင်၏ တပည့်သာဝကများက သုတ်၊ ဝိနည်း၊ အဘိဓမ္မာများပြန့်ပွားနေစေရန် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရသည်။ မြတ်စွာဘုရားရှင်က "ချစ်သား အာနန္ဒာ ... ငါဘုရားဟောကြားထားသော ဓမ္မဝိနယခေါ် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်သည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ သင်တို့၏ဆရာဖြစ်သည်"ဟု မှာကြားတော်မူခဲ့သည်။ ယခုအခါ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီဖြစ်သည်။ သာသနာတော် နှစ်ပေါင်း ၂၅၀၀ ကျော်မှ နှစ်ပေါင်း ၅၀၀၀ တိုင် ဆက်လက်ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ရှေးမြန်မာဘုရင်လက်ထက်မှစ၍ ခေတ်အဆက်ဆက်အစိုးရများက ထောက်ပံ့ချီးမြှင့်ပေးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် အမြင့်ဆုံး တိပိဋကမှ အခြေခံအငယ်တန်းအဆင့်အထိ သာသနာတော်ဆိုင်ရာစာမေးပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပပေးခဲ့သည်မှာ (၇၄) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။ ၇၄ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇ အာဇာနည် အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရပိဋကတ်သုံးပုံ အာဂုံဆောင်သာသနဓဇ အာဇာနည်အရှင်သူမြတ် ခြောက်ပါးပေါ်ထွန်းခဲ့ပြီး သာသနာတော်အကျိုးကို သယ်ပိုးထမ်းဆောင်လျက်ရှိသည်။

ထို့အပြင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ၁၃၈၄ ခုနှစ် ၂၀၂၂ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့်လူပုဂ္ဂိုလ် ၁၇၁၆၅ ပါး/ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ မြန်မာဂုဏ်ထူးအောင် နှစ်ပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ သုံးကျမ်းအောင် ၂၆၁ ပါး၊ နှစ်ကျမ်းအောင် ၄၂၄ ပါးနှင့် တစ်ကျမ်းအောင် ၆၁၀ စုစုပေါင်း ၁၂၉၈ ပါး/ဦး အောင်မြင်ခဲ့ကြသည်။ ပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းဖြေဆိုသူ ၅၃၈၈ ပါး/ဦးအနက် ၁၃၇၁ ပါး/ဦး အောင်မြင်ခဲ့သည်။ ပထမလတ်တန်းတွင် ဖြေဆိုသူ ၆၀၇၆ ဦးအနက် ၂၇၂၆ ပါး/ဦး အောင်မြင်ခဲ့သည်။ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၀၈၈၀ ပါး/ဦး အနက် ၂၀၅၁ ပါး/ဦး အောင်မြင်ခဲ့သည်။ ယနေ့ကာလတွင် သာသနာထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည့် ရဟန်းရှင်လူပုဂ္ဂိုလ်များကိုတွေ့ရှိခဲ့ရာ ဝမ်းမြောက်ပီတိသာခုခေါ်ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် သာသနာတော်အတွက် ကြိုးပမ်းအားထုတ်မှု အကောင်းဆုံးနိုင်ငံဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ မြတ်စွာဘုရား၏ တပည့်သားကောင်း ရဟန်းသံဃာတော်၊ လူပုဂ္ဂိုလ်အဆက်ဆက်တို့သည် ဓမ္မဝိနယခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ မညစ်နွမ်းမကွယ်ပျောက်စေရန် ကြိုးပမ်းအားထုတ်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ သို့ရာတွင် ခေတ်အဆက်ဆက်မှာပင် သာသနာတော်တွင် ဆန့်ကျင်ဘက်အဖျက်အန္တရာယ်များပေါ်ပေါက်လာတတ်သည်။ မျက်မှောက်ကာလတွင်လည်း မိစ္ဆာဒိဋ္ဌိအန္တရာယ်များရှိနေသည်ကိုတွေ့ရသည်။

မည်သို့ပင်ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သားကောင်း ရဟန်းသံဃာတော်၊ လူပုဂ္ဂိုလ်များသည် ကြောင့်ကြမဲ့မနေကြဘဲ သာသနာ့အန္တရာယ်များကွယ်ပျောက်ပြီး သာသနာတော် နေလပမာထွန်းလင်းတောက်ပစေရန် သာသနာတော် သန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွားရေးကို မမိုတ်မသုန် ကြိုးပမ်းအားထုတ်နေကြပါကြောင်း။ ။

## ငါးသိုင်းချောင်းမြို့၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



ငါးသိုင်းချောင်း ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ၂၀၂၂ ခုနှစ် မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ငါးသိုင်းချောင်းမြို့ မအူကုန်းကျေးရွာအုပ်စု တောင်သူဦးကုသိုလ်၏ ကွင်းအမှတ်(၉၀၃-B)၊ ဦးပိုင်အမှတ်(၁၉)တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ထည့်သွင်းစိုက်ပျိုး**

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမျိုးနွယ်နှင့် မြို့စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးကျော်တို့က တောင်သူများသို့ သစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့ပြီး တောင်သူဦးကုသိုလ်၏ စိုက်ကွက်အတွင်း သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို စုပေါင်းဆောင်ရွက်ခဲ့သည်။

သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ ပိုးမွှားကျရောက်မှုသက်သာခြင်း၊ ဓာတ်မြေဩဇာ သုံးစွဲမှုလျှော့ချနိုင်ခြင်း၊ အထွက်နှုန်း တိုးတက်ခြင်း စသည့်ကောင်းကျိုးများကို ရရှိစေမည်ဖြစ်သည်။

ငါးသိုင်းချောင်းမြို့အတွင်းရှိ ကျေးရွာအုပ်စု ၃၂ အုပ်စု၌ မိုးစပါးစိုက်ဧက ၂၇၁ ဧကတွင် သစ်စိမ်းမြေဩဇာ ထည့်သွင်းအသုံးပြု စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

## မအီမြို့၌ တိရစ္ဆာန်အစာပင် စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



မအီ ဇွန် ၂၃

ရခိုင်ပြည်နယ် မအီမြို့၌ မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးပွဲ အခမ်းအနားကိုမအီမြို့ အမှတ်(၃)ရပ်ကွက် စံကောပြင်ကွင်းရှိ တောင်သူ ဦးမင်းလွင်ပိုင် စိုက်ခင်းတွင် ယနေ့နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို တောင်ကုတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မိုးမင်းက တိရစ္ဆာန်အစာပင် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**စနစ်တကျစိုက်ပျိုး**

ထို့နောက် တိရစ္ဆာန်အစာပင်စိုက်ပျိုးပွဲသို့ မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မအီမြို့ပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြပြီး နေပီယာမြက် တစ်ဧကစိုက်ခင်းကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မောင်မောင်ဌေး(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃ – ၆ –၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၁၅ | ၁၁၂,၅၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၁၃ | ၃၅,၁၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၂၀၄ | ၁,၄၀၇,၆၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၆၈ | ၆၇၀,၀၀၀ |
| EFR | ၂,၅၀၀ | ၂,၆၀၀ | ၈၀၄ | ၂,၀၁၀,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၄၃.၉ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၅.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၁၂၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၇၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၁၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၄.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၀.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၈၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၃

ရုပ်ရှင်၊ ဂီတ၊ သဘင်ပဒေသာကပွဲကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရုပ်ရှင်၊ ဂီတ၊ သဘင်ပဒေသာကပွဲကို အနုပညာရှင်များ၏ အကြံပြုချက်အရ စီစဉ်ဆောင်ရွက်ပေးလိုပါကြောင်း၊ ကျင်းပမည့် အဓိကရည်ရွယ်ချက်မှာ ပြိုလဲလုနီးပါးဖြစ်နေသည့် အနုပညာလောကကို ပြန်လည် အသက်ဝင်လှုပ်ရှားလာနိုင်စေရေးအတွက် ဆောင်ရွက်ပေးလိုခြင်းဖြစ်ကြောင်း။

ယနေ့အချိန်တွင် အနုပညာလောကသားများအား မသမာသူအဖျက်သမားများက ခြိမ်းခြောက်မှုများရှိလာသည့်အတွက် တချို့သောအနုပညာရှင်များမှာ မိမိတို့၏ အနုပညာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲများရှိနေကြပါကြောင်း၊ အဆိုပါ အခက်အခဲများကြားမှ အနုပညာရှင်များကို လုပ်ငန်းများ ပြန်လည်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအခါ စားဝတ်နေရေးအခက်အခဲရှိသည့် အနုပညာရှင်များ ရှိနေသည့်အတွက် ၎င်းတို့၏လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ရုပ်ရှင်၊ ဂီတ၊ သဘင်ပဒေသာကပွဲကြီးကို ကျင်းပပြုလုပ်ပေးခြင်းဖြင့် အနုပညာရှင်များ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ အနုပညာရှင်များအနေဖြင့် မိမိတို့၏ အနုပညာအလုပ်များကိုလည်း ပြန်လည်စတင်လှုပ်ရှား ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်သင့်ဖြစ်ထိုက်သော နည်းလမ်းများကိုသာ ဆွေးနွေးဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ပဒေသာကပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကျင်းပမည့် ပဒေသာကပွဲကြီးတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်အသီးသီးမှ အနုပညာရှင်များအားလုံးက မိမိတို့အနုပညာလောကအကျိုးအတွက် မှန်ကန်သည့် အသိစိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးမြင့်အောင်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းနှင့် အနုပညာရှင်ကြီးများက ရုပ်ရှင်၊ ဂီတ၊ သဘင်ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ရာသီဥတုပြောင်းလဲမှုနှင့် နည်းပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုဆိုင်ရာ တတိယအကြိမ်သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့် နည်းပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုဆိုင်ရာ တတိယအကြိမ် သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



## ပြောကြား

စာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက သမားရိုးကျ စိုက်ပျိုးထုတ်လုပ်မှုမှ သုတေသနရလဒ်များကို အခြေခံသည့် ခေတ်မီဆန်းသစ်သော နည်းပညာများ အသုံးပြုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လျက်ရှိကြောင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲလုပ်ကိုင်နိုင်မည့် နည်းပညာများ လိုအပ်နေသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများကို အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်မည့် နည်းပညာများလည်း ဖော်ထုတ်ပေးရန်လိုကြောင်း။

သုတေသန ပညာရှင်များအနေဖြင့် လေ့လာဆောင်ရွက်နေသော လယ်ယာကဏ္ဍဆိုင်ရာ သုတေသနလုပ်ငန်းများနှင့်အတူ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ၊ အီလက်ထရွန်နစ် ဆက်သွယ်ရေး နည်းပညာရပ်များကိုလည်း မျက်ခြည်မပြတ် လေ့လာဆည်းပူးပြီး လယ်ယာကဏ္ဍအဆင့်-၄ (Agriculture 4.0) သို့ ရောက်ရှိစေရေးအတွက် လက်ရှိစွမ်းအားဖြင့် လုပ်ဆောင်နိုင်သည့် ပမာဏမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက တတိယအကြိမ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သုတေသနဖော်ထုတ်ချက် ပိုစတာများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာသည်။

## နှစ်ရက်ကြာ ဖတ်ကြားမည်

ယခုကျင်းပသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့် နည်းပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာ ဖတ်ကြားတင်ပြကြမည်ဖြစ်ပြီး စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်တို့မှ စာတမ်းရှင်များက စာတမ်းအစောင်ရေ ၈၃ စောင်နှင့် ပိုစတာ ၁၃ စောင်ကို ဖတ်ကြားတင်ပြကြမည်ဖြစ်ကာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လျက်ရှိကြသည့် သုတေသနနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ လေ့လာသူများက ရှုထောင့်ပေါင်းစုံမှ သုံးသပ်မှုများ၊ မေးမြန်းအဖြေရှာမှုများဖြင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

ဒီလိုဟာမျိုး ဧက ၁၀၀၀ ဖော်ထုတ်ဖို့ နှစ်နှစ်စီမံကိန်းနဲ့ ဆောင်ရွက်နေပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက်နဲ့ မင်းပြားမှာ ရေချိုငါးသားဖောက်စခန်းအသစ်တစ်ခု တည်ဆောက်ပြီးဖြစ်တဲ့အတွက် လာမယ့်သားဖောက်ရာသီမှာ လုပ်ငန်းစတင်ပါ့မယ်။ သားဖောက်စခန်းပတ်ဝန်းကျင်မှာလည်း မွေးမြူရေးဇုန်တစ်ခု ပေါ်ထွန်းလာဖို့အတွက် ဧက ၁၀၀၀ ဆောင်ရွက်နေတာလည်း ရှိပါတယ်”ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ကုန်တန်ချိန် ၁၁၃၆၂ ဒသမ ၉၇ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၈၇ သန်း ရရှိခဲ့ပြီး ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၁၁ ရက်အထိ ကုန်တန်ချိန် ၂၇၁၁ ဒသမ ၈၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၈ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပြည်နယ် ရေလုပ်ငန်းမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်သည် ပြည်နယ်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဇွန် ၁၅ ရက်ကတွေ့ဆုံကာ ရေချိုငါး၊ ပုစွန်နှင့် ကဏန်းပျော့မွေးမြူသော လုပ်ငန်းများကို နည်းပညာနှင့် ချေးငွေထောက်ပံ့ကူညီနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်း-ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

# စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

ကျိုက်ထို ဇွန် ၂၃

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်သည်။

သံတံတားကျေးရွာ၊ ပိတောက်ကုန်းကျေးရွာနှင့် ကွင်းကလေးကျေးရွာတို့တွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ကျိုက်ထိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇွန် ၂၂ ရက်တွင် ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၂၂

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဝန်ထမ်းများ တွေ့ဆုံပွဲ၊ ထောက်ပံ့ငွေလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကော်မရှင်နှင့် ဝန်ထမ်းများ တွေ့ဆုံပွဲ၊ ထောက်ပံ့ငွေများ လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက ကော်မရှင်ရုံးမှ ဝန်ထမ်း နှစ်ဦး၏ မိဘနေအိမ်များ အကြမ်းဖက်များကြောင့် မီးလောင်ဆုံးရှုံးခဲ့သည့်အတွက် ထောက်ပံ့လှူဒါန်းငွေပေးအပ်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဝန်ထမ်းမိသားစု သားသမီးများ ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း။



ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ပညာရည်ချွန်ဆုနှင့် ချီးမြှင့်ငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်စဉ်။

အကြမ်းဖက်များကြောင့် ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ ဝန်ထမ်းနှစ်ဦး၏ မိဘနေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးမှုအပေါ် ကော်မရှင်အနေဖြင့် စုပေါင်းစာနာစိတ်၊ ကိုယ်ချင်းစာစိတ်၊ မျှဝေလိုစိတ်၊ မိသားစုစိတ်နှင့် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ ကော်မရှင်ရုံးရှိ ဦးစီးဌာနများ၊ ဌာနခွဲများအနေဖြင့် ဌာနတာဝန်ခံများက စီမံအုပ်ချုပ်ရာ၌လည်း ကော်မရှင်၏ ခံယူချက်၊ လုပ်ဆောင်ချက်များကို စံနမူနာယူ၍ အထက်အောက်ဆက်ဆံရာတွင် စိတ်ကောင်းစေတနာကောင်း၊ အကျင့်ကောင်းဖြင့် စီမံအုပ်ချုပ်ရန် အရေးကြီးကြောင်း၊ မိမိအဆင့်နှင့်လျော်ညီသည့် တာဝန်ရှိမှု၊ တာဝန်ခံမှုနှင့်အညီ မလုပ်ခြင်းသည် အပြစ်ရှိကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင်ဖြစ်စေ၊ စီမံအုပ်ချုပ်ရာတွင်ဖြစ်စေ မေတ္တာစေတနာထား၍ အကျိုးရှိစွာဖြင့် တာဝန်ကို အလေးထားဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ရုံးအဖွဲ့မှူး ဦးကျော်စိုးက ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများအလိုက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှုများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် "မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့် လစဉ်စောင့်ရှောက်ထောက်ပံ့ကူညီမှုအစီအစဉ်" အရ ဇွန်လအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ဝန်ထမ်းရေးရာ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က ညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင်ထံသို့လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူးက အကြမ်းဖက်များကြောင့် မိဘနေအိမ်မီးလောင်ဆုံးရှုံးခဲ့သည့် ကော်မရှင်ရုံး ဝန်ထမ်းနှစ်ဦး၏ မိသားစုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၂ သိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေကျပ် ၄၄ သိန်းကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရိုးရိုးအောင်မြင်ခဲ့သူ သုံးဦး၊ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရိုးရိုးအောင်မြင်ခဲ့သူ ၁၀ ဦး၊ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ငါးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ချီးမြှင့်ငွေကျပ် ငါးသောင်းနှင့် ဂုဏ်ထူးရသူများအတွက် တစ်ဘာသာလျှင် ကျပ်ငါးသောင်းဖြင့် စုစုပေါင်းငွေကျပ် ၂၁ သိန်းချီးမြှင့်ပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရေနံချက်စက်ရုံ အမှတ်(၁)ရှိ ဆိပ်ခံဘော(Pontoon)ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တာဝန်ခံအရာရှိတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရေနံချက်စက်ရုံရှိ အမှတ်(၁) ဆိပ်ခံဘော (Pontoon)ကို ကြည့်ရှုစစ်ဆေးခဲ့ရာ ရေနံချက်စက်ရုံအမှတ်(၁)မှ စက်ရုံမှူးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

**ဒေါက်တင်ပြင်ဆင်မည်**

အဆိုပါ ဆိပ်ခံဘော(Pontoon)သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အသစ်တည်ဆောက်မည့် ဆိပ်ခံဘောတံတား (Jetty)တွင် အသုံးပြုမည့် ဆိပ်ခံဘောဖြစ်ပြီး အရွယ်အစား ၈၀' x ၂၀'x ၆' ရှိပြီး လက်ရှိအခြေအနေတွင် ပြည်တွင်းရေကြောင်းမှ ပြင်ဆင်ရမည့်လုပ်ငန်းများကို အသေးစိတ်တွက်ချက်၍ ပြည်တွင်းရေကြောင်း ပိုင်သဘော်ကျင်းတွင် ဒေါက်တင်ပြင်ဆင်မည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များနှင့် ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ပြောကြား**

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်း၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှသာလျှင် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက သက်မွေးပညာသင်တန်းကျောင်းပေါ်ပေါက်လာရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ဆက်လက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်နှင့် အထိမ်းအမှတ်ပွဲတော်များ ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း၊ ယာယီတိုက်ပွဲရှောင် မြိုတိုင်းရင်းသားအိမ်ထောင်စု ၁၅၀ အတွက် မောင်တောမြို့နယ်တွင် ကျေးရွာတည်ဆောက်ပေးပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များက စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မိုးနဲ ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက နားခံကျေးရွာအုပ်စု ဝမ်ယေး (စက်တော်)ကျေးရွာ စက်တော်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေနေရာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးဖြိုးဝေစံက သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စိုက်ပျိုးမြေလှူဒါန်းပေးကြသော အလှူရှင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆရာတော်များနှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ နာယကဆရာတော်ထံ ပျိုးပင်များလှူဒါန်းပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စိုက်ပျိုးရန်ပျိုးပင်များကို တာဝန်ရှိသူများကပေးအပ်သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူစုစုပေါင်း ၂၅၀ တို့က ကျွန်းပင် ၂၇၀၊ ကျောက်ထင်းရှူးပင် ၅၀၊ မဲဇလီပင် ၁၉၀၊ စိန်ပန်းနီပင် ၉၀ စုစုပေါင်းပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဝိုးတောင်း(မိုးနဲ)**

# အုတ်တွင်းမြို့နယ်၌ အခြေခံပညာကျောင်းများသို့ နယ်လှည့်စာကြည့်တိုက်အသိပညာပေး ကွင်းဆင်း

**အုတ်တွင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးငယ်များအား အသိပညာဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်လှည့်စာကြည့်တိုက် အသိပညာပေးခြင်းကို အလက(ခွဲ) ကြက်သွန်ခင်း -၂ နှင့် အမက (မူလွန်) ကျောက်တလင်းကျောင်းများသို့ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



**ဆွေးနွေးပြောကြား**

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက ကလေးငယ်များအား စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို ရှင်းလင်းပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်က စားသုံးရန်မသင့်သော အစားအစာများနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာများအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကလေးငယ်များအား ရုပ်ပုံစာအုပ်၊ စက္ကူပြဇာတ်၊ ဘုတ်ပြားပြဇာတ်များဖြင့် ပုံပြင်ပြောပြခြင်းများ ဆောင်ရွက်ကာ ကလေးငယ်များ စာဖတ်သည့် အလေ့အထများ ရရှိစေရန် စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



# သံတောင်ကြီးမြို့နယ်၌ တိရစ္ဆာန်အစာပင် (နေပီယာမြက်) သရုပ်ပြစိုက်ပျိုး

**သံတောင်ကြီး ဇွန် ၂၃**

သံတောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က ချောင်းနှစ်ခွကျေးရွာအုပ်စု စီပင်ကြီးကျေးရွာရှိတောင်သူ ဦးထင်အောင်၏ ယာမြေ တစ်ဧကတွင် တိရစ္ဆာန်အစာပင် (နေပီယာမြက်) သရုပ်ပြစိုက်ပျိုးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်အစာပင်ဖြစ်သော နေပီယာမြက် စိုက်ပျိုးခြင်းအားဖြင့် တိရစ္ဆာန်များအား လွတ်ကျောင်းစနစ်မှ အစာကျွေးစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အစာရှားပါးချိန်၌ အာဟာရကြွယ်ဝသောအစာအဖြစ် ကျွေးမွေးရန်၊ ပြည်တွင်းကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းသော တိရစ္ဆာန်အစာများ ဖူလုံစွာ သုံးစွဲနိုင်ရေးနှင့် နေပီယာမြက်ကို နွားစာအဖြစ် ကျွေးမွေးရာတွင် လိုအပ်သောအာဟာရဓာတ်ပမာဏများ ပြည့်ဝစေရန် ရည်ရွယ်၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကိုလည်း နေပီယာမြက် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မျိုးသူက ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မွေးမြူရေးလုပ်ကိုင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကိုလွင်

# ဒိုက်ဦးမြို့၌ တိရစ္ဆာန်အစာ နေပီယာမြက် သရုပ်ပြစိုက်ခင်း ကွင်းဆင်းကြည့်ရှု

**ဒိုက်ဦး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများ၊ စစ်ဘိုကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထွန်းနှင့် တောင်သူများ ပူးပေါင်း၍ စစ်ဘိုကြီးကျေးရွာရှိ တောင်သူ ဦးမြင့်အောင်၏ လယ်မြေတစ်ဧကတွင် တိရစ္ဆာန်အစာ နေပီယာမြက် သရုပ်ပြစိုက်ပျိုးထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုကြသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစုငွေလှိုင်က တိရစ္ဆာန်အစာစိုက်ပျိုးခြင်းဖြင့် လွတ်ကျောင်းစနစ်မှ အစာကျွေးစနစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသော အစားအစာအဖြစ် ကျွေးမွေးရန်၊ ပြည်တွင်း ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းစေသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်ကြစေရန်နှင့် နေပီယာမြက်ကို နွားစာအဖြစ် ကျွေးမွေးပါက လိုအပ်သော အာဟာရဓာတ်ပမာဏများ ပြည့်ဝစွာရရှိစေရန်ရည်ရွယ်၍ နေပီယာမြက်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ် (ပြန်/ဆက်)

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ကဏ္ဍစုံလင်စွာ ထွက်ရှိ**

၂၅-၆-၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၂၆) ၌ တယ်လီဖုန်းကို အကျိုးရှိရှိအသုံးချတတ်ပါက အင်မတန်အသုံးဝင်ပုံအကြောင်းကို လက်တွေ့သက်သေပြလိုက်နိုင်သော ပေါက်ကျော်တို့ သူငယ်ချင်းတစ်စုအကြောင်း တင်ဆက်ထားသည့် "ဖုန်း၏တန်ဖိုး" မျက်နှာဖုံးကာတွန်း၊ အန္တရာယ်ရှိသော အသားပိုအကျိတ်နှင့် အန္တရာယ်မရှိသော အသားပိုအကျိတ်အကြောင်း တင်ဆက်ထားသည့် "လူ့ခန္ဓာကိုယ်ရှိအသားပိုအကျိတ်" သုတဆောင်းပါး၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိပြီး ရိုးသားသော နိုးတူးအကြောင်း ရေးဖွဲ့ထားသည့် "နိုးတူး-ရိုးသားသူရဲ့ ရလဒ်" နှစ်မျက်နှာကာတွန်း၊ မိမိ၏ လိမ္မာပါးနပ်၍ ဉာဏ်အမြော်အမြင်ရှိမှုကြောင့် အသက်ဘေးက လွတ်မြောက်ကာ ပျော်ရွှင်ဖွယ် မိသားစုဘဝကို ရရှိခဲ့သော ဖိနပ်ချုပ်သမားအကြောင်း တင်ဆက်ထားသည့် "ထက်မြက်တဲ့ ဖိနပ်ချုပ်သမား" ပုံပြင်ကဏ္ဍ၊ အပင်ပေါ်က သရက်သီးကို အလွယ်တကူရလိုက်သော လူငယ်လေးတစ်ယောက်အကြောင်း တင်ဆက်ထားသည့် "ကံတရား" တစ်မျက်နှာကာတွန်း၊ စာပေဗိမာန်စိန်ရတုအထိမ်းအမှတ်အဖြစ် ပြုလုပ်သော ရွှေသွေးတို့လက်ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် "ကျွန်တော့် မိုးရာသီမြင်ကွင်း" စာစီစာကုံးကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




သတင်းစဉ်

# ညောင်လေးပင်မြို့နယ်၌ မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ စတင်စိုက်ပျိုး

**ညောင်လေးပင် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဝဲဝန်းကျေးရွာ၌ မိုးစပါး မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ စတင်စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဝဲဝန်းကျေးရွာ ကွင်းအမှတ် (၃၄၆-က) ရှိ တောင်သူ ဦးသန်းလှိုင်၏ လယ်မြေ၌ စိုက်ပျိုးကြသည်။

ညောင်လေးပင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး ၁၃၅၄၉၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယနေ့အထိ မိုးစပါး ၆၄၁၅၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ၂၀၂၂-၂၀၂၃ ခုနှစ် ညောင်လေးပင်မြို့နယ်တွင် မိုးစပါးဆင်းသုခ မျိုးသန့်မျိုးပွားမျိုးစေ့မှ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းကို ကျေးရွာပေါင်း ၁၉ အုပ်စုတွင် ဧက ၄၀၀ မျိုးစေ့ ထုတ်စိုက်ပျိုးရန် ရည်မှန်း ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ စပါးစိုက်ပျိုးရာသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးနေလင်း၊ အဖွဲ့ဝင် (၂) ဦးဇော်မင်းယု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းဆွေ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဇော်ထူးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



# ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စာပေညီလာခံအတွေ့အကြုံရှင်းလင်း

**ပန်းတောင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှကျော် (မောင်လှကျော် - ပန်းတောင်း)က တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးနေဒွး (ခွန်နေဒွး- သနီမြေ)က အသင်း၏ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး ဘဏ္ဍာရေးမှူး ဦးအောင်မြင့် (အောင်မြင့်ကျော် - ပန်းတောင်း)က အသင်း၏ ဘဏ္ဍာရေး အခြေအနေများကို ငွေစာရင်းရှင်းတမ်းများနှင့်အတူ ရှင်းလင်းတင်ပြသည်။ အသင်းရန်ပုံငွေရရှိရေးအတွက် ၂၀၂၃ ခုနှစ်ပြက္ခဒိန်ထုတ်ဝေရေးကိစ္စများကို ဆက်လက်ဆောင်ရွက်ရန် အကြံပြုဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းဝင်များက အသင်းရန်ပုံငွေရရှိရေး၊ အသင်းတိုးတက်ရေးတို့အတွက် အကြံပြုဆွေးနွေးကာ သိရှိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အောင်မြင့် (ပန်းတောင်း)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်

**မောင်သင်းပျို့**

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသော လူသားမျိုးနွယ်အားလုံးကို ယခုအခါ ပိုမိုခြိမ်းခြောက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ ကြီးထွားလာမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းဂိုဏ်းအဖွဲ့များက ကွန်ရက်ချဲ့ထွင်၍ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှုနှင့် ငွေကြေးခဝါချမှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများ ပိုမိုကျူးလွန်လာမှုတို့သည် နိုင်ငံတိုင်း၏ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းအေးချမ်းတည်ငြိမ်မှုတို့ကို ထိခိုက်နေသည်။




၂၆-၆-၂၀၂၁ ရက်က ရန်ကုန်မြို့၌ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးစဉ်။

မူးယစ်ဆေးဝါးတွင် ဘိန်းကို ကမ္ဘာ့နိုင်ငံများ လက်တွဲ၍ ပူးပေါင်းတားဆီးကာကွယ်နေစဉ် စိတ်ကြွရူးသွပ်ဆေးပြားသည် လူတန်းစားမရွေးသုံးစွဲနိုင်သောအဆင့်သို့ ထုတ်လုပ်ဖြန့်ချိလာသောကြောင့် အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများသည် အခက်အခဲအတားအဆီးများစွာ ရင်ဆိုင်လာရသည့်နည်းတူ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့်လည်း တစ်ပူပေါ်နှစ်ပူဆင့်သည့်ပမာ မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအသွင်တစ်ရပ်အနေဖြင့် တားဆီးကာကွယ်နှိမ်နင်းနေရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးတွင် ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်အပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတကာ၊ အိမ်နီးချင်းနိုင်ငံများနှင့် အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စွမ်းအားပြည့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် တစ်ချိန်တွင် မြန်မာ့မြေပေါ်၌ မူးယစ်ဆေးဝါးသည် 'နေလာ၍ နှင်းကွဲ'သည့်ပမာ မူးယစ်ကင်းစင်သော နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများအလယ်တွင် ဂုဏ်ယူဖွယ်တွေ့မြင်ရမည်ဖြစ်သည်။

မူးယစ်ဆေးဝါး၏ ပင်ရင်းဖြစ်သည့် "ဘိန်း" ဟူသော ဝေါဟာရသည် မြန်မာဝေါဟာရမဟုတ်ဘဲ မူလဇာတိဒေသဖြစ်သော ဥရောပတိုက်မြေထဲပင်လယ်အာရှမိုင်းနားဒေသတွင် အိဖွန်ဟုခေါ်ဆို၍ ယင်းကို အိန္ဒိယဘာသာစကားဖြင့် 'အဖိန်း' ဟု ခေါ်ဆိုရာမှ မွန်မြန်မာဘာသာဖြင့် 'ဘိန်း' ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘိန်းပင် စတင်ပေါ်ပေါက်သောမူလဒေသသည် ဥရောပအရှေ့ပိုင်းမြေထဲပင်လယ်ဒေသတစ်ဝိုက်၊ ဥရောပတောင်ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်းတို့ဖြစ်သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၄၀၀ ခန့်မှစ၍ ဥရောပအလယ်ပိုင်း တိုက်ဂရစ်မြစ်ဝှမ်းဒေသမက်ဆိုပိုတေးမီးယားဒေသ လူမျိုးများ၏ ကျူနီဖောင်းအက္ခရာဖြင့် ရေးသားထားသည့် ပရဆေးပင်များစာရင်းတွင် ဘိန်းပင်အကြောင်းနှင့် ဘိန်း၏ ဂုဏ်သတ္တိကို ဖော်ပြခဲ့သည်။

ဆူမေရီးယန်း လူမျိုးများသည် ဘိန်းပင်ကို ပျော်ရွှင်မှုအပင်(Hulgai)ဟု ခေါ်ဆိုကြသည်။ ၉ ရာစုနှစ်ခန့်တွင် အာရပ်လူမျိုး သမားတော်ကြီးများသည် ဘိန်းကို ဆေးဝါးကုသရာတွင် စတင်အသုံးပြုခဲ့ကြသည်။ ဥရောပအလယ်ပိုင်းတွင်ရှိသော ဘိန်းစိုက်ပျိုးရေးလုပ်ငန်းသည် အာရပ်ကုန်သည်များမှ တစ်ဆင့် အာရှနှင့်အရှေ့ဖျားနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့သည်။ ၁၆ ရာစုခန့်တွင် အာရှတိုက်ဒေသသို့ ဥရောပမှ ဗာစကိုဒဂါးမား(Vasco da Gama) ကဲ့သို့ ပင်လယ်ရပ်ခြား စွန့်စားသွားလာသည့် အာရပ်နှင့်ပေါ်တူဂီကုန်သည်များ အိန္ဒိယနိုင်ငံသို့ကူးသန်းရာမှ ဘိန်းမျိုးစေ့နှင့် ဘိန်းစိုက်ပျိုးမှုသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် စတင်ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

**ဟီးရိုးအင်း ခေါ် ဘိန်းဖြူ ဖြစ်ပေါ်လာ**

ခရစ်တော်မပေါ်မီ နှစ် ၁၀၀၀ ခန့်က သမားတော်များသည် ဘိန်းကို အဖိုးတန်ဆေးဝါးတစ်ခုအဖြစ် သုံးစွဲခဲ့ကြသည်။ ဂရိနှင့် ရောမခေတ်တို့တွင်လည်း ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြသည်။ ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း ၁၀၀၀ အတွင်း၌ ဘိန်းသည် မူရင်းဒေသဖြစ်သော မြေထဲပင်လယ်ဝန်းကျင်ဒေသမှ အရှေ့ဘက်အိန္ဒိယနှင့် တရုတ်ပြည်သို့ ပျံ့နှံ့သွားခဲ့သည်။

ထိုအချိန်မှစ၍ သမားတော်တို့က ဘိန်းကို ဆေးဝါးအဖြစ် ဆက်လက်သုံးစွဲခဲ့ရာ ၁၈ ရာစုနှင့် ၁၉ ရာစုနှစ်အတွင်း အင်္ဂလန်နိုင်ငံတွင် ဘိန်းပါသော ဆေးဝါးများသည် ခေါင်းကိုက်၊ အအေးမိ စသည့် ရောဂါဝေဒနာများအတွက် လူသုံးများသောဆေးဝါးဖြစ်လာခဲ့သည်။ သမားတော်များသည် ဘိန်းကို ဆေးဝါးအဖြစ် နှစ်ပေါင်း ၄၀၀၀ ခန့် ပုံစံအမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြပြီး ၁၈၀၅ ခုနှစ်တွင် ဆေးသိပ္ပံလောက၌ ဘိန်းမှ မော်ဖိန်းကို စတင်ထုတ်လုပ်နိုင်ခဲ့သည်။ မော်ဖိန်းကို အကိုက်အခဲဝေဒနာအတွက် စားဆေးအဖြစ် သမားတော်တို့က အသုံးပြုခဲ့ကြသည်။ ၁၈၅၈ ခုနှစ်တွင် အမေရိကန်သမားတော်နှစ်ဦးက မော်ဖိန်းကို ထိုးဆေးအဖြစ် စတင်စမ်းသပ်ခဲ့သည်။ ၁၉ ရာစုအတွင်း၌ မော်ဖိန်းကို ထိုးဆေးအဖြစ် အသုံးပြုနိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် စမ်းသပ်ခဲ့ကြသည်။ သို့ရာတွင် ဘိန်းနှင့် မော်ဖိန်းဆေးဝါးများ အသုံးများလာသည်နှင့်အမျှ ထိုးဆေးကို သုံးစွဲရာ၌ ဆိုးကျိုးများလည်း ပြန့်ပွားလာခဲ့သည်။ အကိုက်အခဲလည်းပျောက်နိုင်ပြီး စွဲလည်းမစွဲနိုင်သော ဆေးဝါးကို ရှာဖွေခဲ့ကြရာမှ 'ဟီးရိုးအင်း' ခေါ် ဘိန်းဖြူပေါ်လာခြင်းဖြစ်သည်။

**ဟီးရိုးအင်းထုတ်လုပ်မှုကို တင်းကျပ်စွာတားမြစ်**

၁၈၇၄ ခုနှစ်တွင် အင်္ဂလိပ်သုတေသီစီအာရိုက်ဆိုသူက မော်ဖိန်းနှင့် အက်စစ်တစ်အင်ဟိုက်ဒရိုက်ကို ဖျော်၍ နာရီပေါင်းများစွာကျိုကြည့်ရာ Diacetyl morphine ခေါ် ဟီးရိုးအင်းဓာတ်ပေါင်းကို ကနဦးရရှိခဲ့သည်။ ထိုဟီးရိုးအင်းဓာတ်ပေါင်းကို တိရစ္ဆာန်ဖြင့် စမ်းသပ်ခဲ့ရာ ဆက်လက်စမ်းသပ်ခြင်းမပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ နှစ်ပေါင်း ၂၀ ကြာသောအခါ ထိုဟီးရိုးအင်းဓာတ်ပေါင်း (ဒိုင်ဆက်တယ်မော်ဖိန်း) ကို ဂျာမန်ဆေးပါရဂူတစ်ဦးက ချောင်းဆိုး၊ ပန်းနာ၊ လည်ချောင်းနာ ရောဂါတို့အတွက် ထက်မြက်သောဆေးဝါးဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

စာမျက်နှာ ၇ သို့ ☆




ပြင်ဦးလွင်မြို့ ညောင်ကုန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ၄-၂-၂၀၂၂ ရက်က ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံများအား ဖမ်းမိစဉ်။

"၁၈၂၆ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို နယ်ချဲ့ဗြိတိသျှတို့က သိမ်းယူခဲ့သည်။ ထို့နောက် ဗြိတိသျှတို့သည် ရခိုင်နှင့် တနင်္သာရီသို့ သင်္ဘောဖြင့် ဘိန်းများကိုတင်သွင်းခဲ့သည်။ မြန်မာတိုင်းရင်းသားများ ဘိန်းမရှူတတ်၊ မစားတတ်သောကြောင့် အခမဲ့ပေး၍ ဖြန့်ဝေခြင်း၊ ရှူပုံရှူနည်းပြသခြင်းဖြင့် ရခိုင်တွင် လိုင်စင်ရဘိန်းခန်းများဖွင့်လှစ်ရန် ဆောင်ရွက်ပေးခဲ့ရာ လိုင်စင်စီရရှိသူများမှာ တရုတ်နှင့် ဘင်္ဂါလီများဖြစ်သည်။ ဘိန်းခန်းများ ဖွင့်လှစ်ခွင့်ပြုသောအခါ ရခိုင်ပြည်နယ်အတွင်း၌ ဘိန်းရှူ ဘိန်းစားခြင်းများ ပြန့်ပွားလာခဲ့သည်။ ထိုအခါ ရခိုင်ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူတို့က ဘိန်းခန်းများ ထပ်မဖွင့်ရန်မေတ္တာရပ်ခံခဲ့"

☆ စာမျက်နှာ ၆ မှ

ထို့ကြောင့် ဂျာမနီနိုင်ငံ ဗေယာ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက အဆိုပါ ဒိုင်ဆက်တယ် မော်ဖိန်းကို 'ဟီးရိုးအင်း' ဟု အမည်ပေး၍ ထုတ်လုပ်ရောင်းချခဲ့သည်။ ထိုအချိန်တွင် ကမ္ဘာ့အရပ်ရပ်မှ သမားတော်တို့က မစွဲလမ်းစေတတ်သော ကိုးဆယ့်ခြောက်ပါးဝေဒနာ ပျောက်ကင်းသည့် ဆေးဝါးအဖြစ် အသုံးပြုခဲ့ရာ ကမ္ဘာတွင် လူကြိုက်အများဆုံး ဆေးဝါးတစ်ခု ဖြစ်လာခဲ့သည်။

၁၉၀၆ ခုနှစ်တွင် အမေရိကန်သမားတော်များအသင်းက ဟီးရိုးအင်းကို မော်ဖိန်းအစား အသုံးပြုနိုင်ကြောင်း ထောက်ခံခဲ့လေသည်။ ဟီးရိုးအင်းကို အကန့်အသတ်မရှိ သုံးစွဲခွင့်ပြုထားသည့်အတွက် ထိုဆေးဝါးကို အလွဲသုံးသည့်ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဟီးရိုးအင်းစွဲသူပေါင်း နှစ်သိန်းရှိခဲ့ကြောင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့က ခန့်မှန်းခဲ့သည်။ ရာဇဝတ်မှုအမျိုးမျိုးဖြင့် ဖမ်းဆီးခြင်းခံရသည့် ဆေးမှီဝဲသူများအနက် ၉၄ ရာခိုင်နှုန်းသည်ဘိန်းဖြူသုံးစွဲသူများဖြစ်ကြောင်း အစီရင်ခံခဲ့သည်။

၁၉၂၄ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်က ဟီးရိုးအင်း တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းကို ဥပဒေဖြင့် ပိတ်ပင်ခဲ့သည်။ နိုင်ငံတကာမှ သမားတော်တို့ကလည်း ဟီးရိုးအင်း၏ အန္တရာယ်ကြီးမားပုံကို အသိအမှတ်ပြုလာကြကာ နိုင်ငံပေါင်းချုပ်အသင်းအနေဖြင့် ဟီးရိုးအင်းထုတ်လုပ်မှုကို တင်းကျပ်စွာ ကန့်သတ်ရန် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် အလားတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဟီးရိုးအင်းကို ဆေးဝါးအဖြစ်နှင့် သိပ္ပံဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုခြင်းမှအပ အခြားမည်သည့်အကြောင်းနှင့်မျှ မထုတ်လုပ်ရန် သဘောတူညီခဲ့ကြသည်။

**မြန်မာနိုင်ငံသို့ ဘိန်းရောက်ရှိလာပုံ**

ရှေးမင်းများလက်ထက် ၁၅၁၅ ခုနှစ် တောင်ငူခေတ်တွင် နိုင်ငံခြားသား ပေါ်တူဂီများ မြန်မာနိုင်ငံ မုတ္တမမြို့သို့ ရောက်ရှိခဲ့ကြသည်။ အေဒီ ၁၅၈၀ ခန့်က ပုသိမ်ဆိပ်ကမ်းမြို့သို့ အိန္ဒိယမှ သယ်ဆောင်လာသော ဘိန်းနှင့် အာရပ်ကုန်သည်များ သန်လျင်ဆိပ်ကမ်းသို့ သယ်ဆောင်လာသော ဘိန်းများ စတင်ရောက်ရှိခဲ့ကြောင်း အင်္ဂလိပ်လူမျိုး ဂျွန်ပင်ကာလ်တန်က ခရီးသွားမှတ်တမ်း ထားရှိခဲ့သည်။ ၁၅၈၀ ပြည့်နှစ်တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့သား ဆီဇာဖက်ဒရစ်သည် မြန်မာပြည်သို့အလည်ရောက်ရှိစဉ် ပဲခူးမြို့၌ ဘိန်းအရောင်းအဝယ်လုပ်ခဲ့ကြောင်း မှတ်တမ်းရေးခဲ့သည်။




ကျိုက်ထိုမြို့နယ် မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ၁၁-၃-၂၀၂၂ ရက်က မလေးရှားနိုင်ငံရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၅၂ ဒသမ ၈၅၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိစဉ်။

အိန္ဒိယအနောက် ကမ်းရိုးတန်းရှိ ကန်ဘေမြို့(Cambay)မှ ဘိန်းများကို နှစ်ကြိမ်တိုင် ပဲခူးမြို့တွင် ရောင်းချခဲ့ခြင်းဖြစ်သည်။ ၁၆၁၃ ခုနှစ် ဒတ်ချ်ကုမ္ပဏီ မှတ်တမ်းတွင် မလ္လကာမြို့၌ ဘိန်းပေါင်ချိန် ၂၀၀ နှစ်စဉ်ရောင်းချခဲ့ပြီး ထိုဘိန်းများကို ယိုးဒယား(ထိုင်း) နိုင်ငံသို့ ဟံသာဝတီ(ပဲခူး)မှတစ်ဆင့် ယူဆောင်၍ ရောင်းချခဲ့သည်။ တိုင်းတစ်ပါးသားတို့သည် သင်္ဘောဆိပ်မြို့များဖြစ်သော ဟံသာဝတီ၊ ဓညဝတီ၊ ရမ္မာဝတီ၊ ဒွာရဝတီ၊ မေဃဝတီမြို့ဆိပ်ကမ်းများသို့ ဘိန်း၊ ဘင်း၊ မူးယစ်ပစ္စည်းများ သယ်ဆောင်၍ ထိုမှတစ်ဆင့် အမရပူရမြို့သို့ ရောက်ရှိခဲ့သည်။

၁၈၂၆ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို နယ်ချဲ့ဗြိတိသျှတို့က သိမ်းယူခဲ့သည်။ ထို့နောက် ဗြိတိသျှတို့သည် ရခိုင်နှင့် တနင်္သာရီသို့ သင်္ဘောဖြင့် ဘိန်းများကို တင်သွင်းခဲ့သည်။ မြန်မာတိုင်းရင်းသားများ ဘိန်းမရှူတတ်၊ မစားတတ်သောကြောင့် အခမဲ့ပေး၍ ဖြန့်ဝေခြင်း၊ ရှူပုံရှူနည်းပြသခြင်းဖြင့် ရခိုင်တွင် လိုင်စင်ရဘိန်းခန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ပေးခဲ့ရာ လိုင်စင်စီရရှိသူများမှာ တရုတ်နှင့် ဘင်္ဂါလီများဖြစ်သည်။ ဘိန်းခန်းများ ဖွင့်လှစ်ခွင့်ပြုသောအခါ ရခိုင်ပြည်နယ်အတွင်း၌ ဘိန်းရှူ ဘိန်းစားခြင်းများ ပြန့်ပွားလာခဲ့သည်။ ထိုအခါ ရခိုင်ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူတို့က ဘိန်းခန်းများ ထပ်မဖွင့်ရန် မေတ္တာရပ်ခံခဲ့သည်။ သို့သော် ဗြိတိသျှတို့သည် မြန်မာနိုင်ငံသို့ ပုံစံအမျိုးမျိုးဖြင့် ဘိန်းကိုတင်သွင်းခဲ့ရာ မြန်မာတို့အား ဘိန်းစွဲစေခဲ့ပြီး နယ်ချဲ့ကို တော်လှန်လိုသောစိတ်များ အားနည်းမှုဖြင့် အင်္ဂလိပ်တို့ နှစ်ပေါင်းများစွာ အုပ်ချုပ်နိုင်ရေးကို အထောက်အကူဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံကို နယ်ချဲ့တို့သိမ်းပိုက်ပြီးနောက် ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့်သုံးစွဲခြင်း အလေ့အထတို့ ပေါ်ပေါက်လာခဲ့သည်။ ကချင်တောင်တန်းတို့တွင် တရားဝင် ဘိန်းစိုက်ခွင့်ပြုခဲ့ပြီး ဘိန်းခန်းဖွင့်၍ ဘိန်းရှူခြင်းကို မှတ်ပုံတင်ဖြင့် ခွင့်ပြုခဲ့သည်။ အာသံပြည်နယ်မှ ဘိန်းမျိုးစေ့များသည် မြန်မာပြည်မြောက်ပိုင်း ချင်းတွင်းဒေသ၊ ချင်းတောင်ဒေသ၊ ကချင်ဒေသ၊ ရှမ်းဒေသများသို့ ရောက်ရှိလာရာမှ ဘိန်းခင်းများ စတင်ပြန့်ပွားလာခဲ့သည်။ သံလွင်မြစ် အရှေ့ဘက်ကမ်းတွင် ဘိန်းကို တရားဝင် စိုက်ပျိုးခွင့်ပေးခဲ့သည်။

ဗြိတိသျှအစိုးရက ဘိန်းသယ်ယူခြင်း၊ ရောင်းချခြင်းကို ကိုယ်တိုင်ပြုလုပ်ပြီး ဘိန်းဆိုင်ပေါင်း ၂၁၆ ဆိုင် ဖွင့်လှစ်ခဲ့သည်။ ဘိန်းရှူသူနှင့် စားသုံးသူတို့ကို တရားဝင်မှတ်ပုံတင်စနစ်ဖြင့် ရောင်းချခဲ့သည်။ ထိုသို့ကျင့်သုံးသကဲ့သို့ အခြားမူးယစ်ဆေးဝါးဖြစ်သော ဆေးခြောက်ကိုလည်း သိုဝှက်ရောင်းချခဲ့သည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားချိန်တွင် မှတ်ပုံတင်ထားသော ဘိန်းစား၊ ဘိန်းရှူသူပေါင်း ၄၈၂၁၁ ဦး ရှိခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံမတင်သော ဘိန်းစားသူ ဦးရေက ပိုများမည်ဟု ခန့်မှန်းခဲ့ကြသည်။

**တိုင်းရင်းသားပြည်သူတို့ ရှေ့မှောက်သို့ တိုက်ရိုက်ရောက်ရှိလာ**

မြန်မာနိုင်ငံအတွင်းသို့ ဘိန်းခလေ့ သွတ်သွင်းခြင်းခံခဲ့ရပြီးနောက် ၁၉၆၀ ပြည့်နှစ်ခန့်အထိ ပြည်တွင်း၌ ဘိန်းစိုက်ပျိုးမှု တွင်ကျယ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မတိုင်မီ မြန်မာနိုင်ငံတွင် ဘိန်းဖြူသုံးစွဲမှု အထောက်အထားမရှိခဲ့ချေ။ ဘိန်းဖြူကို မြစ်ကြီးနားမြို့တွင် ပထမဆုံးတွေ့ရှိခဲ့ပြီး ဖားကန့်မှ ကျောက်စိမ်းများကို ထိုင်းနိုင်ငံသို့ မှောင်ခိုတင်ပို့သူများမှတစ်ဆင့် ထိုင်းဘက်မှ တင်သွင်းလာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၈၂၄ မှ ၁၉၇၀ ပြည့်နှစ်ခန့်အထိ ဘိန်းမည်းကို သုံးစွဲခဲ့ပြီး ၁၉၇၀ မှ ၁၉၉၉ ခုနှစ်အထိ ဘိန်းဖြူကို သုံးစွဲလာခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ယနေ့အထိ စိတ်ကြွရူးသွပ်ဆေးပြားကို သုံးစွဲလာကြရာ ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေဖြင့် ကိုလိုနီခေတ်တွင် အမြစ်တွယ်ခဲ့သော ဘိန်းပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတို့ လက်တွဲ၍ ခေတ်အဆက်ဆက်တွင် အခက်အခဲများစွာကြားမှ တားဆီးကာကွယ် တွန်းလှန်ခဲ့ကြသည်။ နည်းပညာမြင့်မားလာသောအိုင်တီခေတ်တွင်ဘိန်းပြဿနာထက် စိတ်ကြွရူးသွပ်ဆေးပြားပြဿနာသည် တိုင်းရင်းသားပြည်သူတို့၏ ရှေ့မှောက်သို့ တိုက်ရိုက်ရောက်ရှိလာသောကြောင့် နိုင်ငံတော်မှ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းအား၊ နိုင်ငံတကာပူးပေါင်းအားဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တွန်းလှန်ကာကွယ်ခဲ့ကြသည်။

**အမိန့်ကြော်ငြာစာများထုတ်ပြန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၂၁ ဖြင့် အဖွဲ့ဝင် ၁၇ ဦး၊ လုပ်ငန်းတာဝန် ၁၇ ချက်ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၁၄/၂၀၂၁ ဖြင့် အဖွဲ့ဝင် ၁၇ ဦး၊ လုပ်ငန်းတာဝန် ၁၈ ချက်ဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၂ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် လည်းကောင်း အဆင့်ဆင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။

**မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်**

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာများ၊ အုပ်ချုပ်မှု အလှမ်းဝေးသောနေရာများ၊ ဖွံ့ဖြိုးမှု နောက်ကျနေသောနေရာများ၊ လုံခြုံရေး တည်ငြိမ်မှုမရှိသောနေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် ဘိန်းကို စိုက်ပျိုးထုတ်လုပ်လေ့ရှိသည်။

ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့ ပူးပေါင်း၍ ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုကို တိုင်းတာခဲ့ရာ ၂၀၁၂ ဘိန်းစိုက်ရာသီမှစ၍ တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၂၀-၂၀၂၁ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုအနေဖြင့် ဟက်တာ ၃၀၂၀၀ စိုက်ပျိုးခဲ့ပြီး ၄၂၃ မက်ထရစ်တန် ထွက်ရှိကာ ဘိန်းခင်းဖျက်ဆီးမှုအနေဖြင့် ၄၆၃၂ ဒသမ ၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

■

# မိုးညှင်းနှင့် ပင်လောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မိုးညှင်းမြို့ အောင်သပြေရပ်ကွက် အမှတ်(၂၅၉) နေ မနမ်ဇော်(ခ) နမ်ဇော်လှိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မဂျာမိုင်(ခ) မိုင်းမိုင်အား တွေ့ရှိရပြီး ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-နေပြည်တော်သွားကားလမ်း ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကျေးရွာရှိ လိန်းလီကြိုးတံတားတွင် ရန်အောင်မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ခွန်တီးမောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၀၁၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မနမ်ဇော်(ခ) နမ်ဇော်လှိုင်နှင့် မဂျာမိုင် (ခ) မိုင်းမိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ဝင် ကမ္ဘောဒီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများ

လင်းလက်

**အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့**

အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption _ ASEAN-PAC) သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ကာ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာကို အခြေခံ၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

ကနဦးတွင် "အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Southeast Asia Parties Against Corruption _ SEA-PAC)" အဖွဲ့အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် လာအိုနိုင်ငံကလည်းကောင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံကလည်းကောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများက နားလည်မှုစာချွန်လွှာ၌ ပူးပေါင်းပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် နေ့တွင် အာဆီယံ၏ တရားဝင်အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သဖြင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ၂၀၁၉ ခုနှစ်တွင် အဖွဲ့၏အမည်ကို "အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Asean Parties Against Corruption _ ASEAN-PAC)" အဖြစ် အမည်ပြောင်းလဲခဲ့ပါသည်။

**လေ့လာအတုယူစရာ**

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ၁၉၅၅ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး စီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ယဉ်ကျေးမှု၊ ဘာသာရေး စသည့် လူနေမှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများသည် သိသိသာသာ ကွဲပြားခြားနားမှုမရှိပါ။ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများ ဖွဲ့စည်းခြင်းနှင့် ASEAN_PAC အဖွဲ့အစည်းသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့တွင်လည်း အချိန်ကာလအနည်းငယ်သာကွာခြားသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း အနာဂတ်ကာလတွင် ထိုကဲ့သို့သော အခြေခံအကြောင်းတရားများတူညီနေသည့် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Anti-Corruption Unit _ ACU) နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ၎င်းတို့နိုင်ငံ၏ ဆောင်ရွက်မှုများအပေါ် လေ့လာသင့်သည်များ မှတ်သားလေ့လာနိုင်စေရန် ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

**ACU ပေါ်ပေါက်လာခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် အဂတိလိုက်စားမှု၊ အလွဲသုံးစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုစသည့် ပြစ်မှုများနှင့်စပ်လျဉ်းသည့် ပုဒ်မသုံးခု ပါဝင်သည့် Criminal Law Act ကို ပြဋ္ဌာန်းကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်တွင် Unit Against Corruption Practices ကို ဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် Unit Against Corruption Practices ကို Anti-Corruption Unit_ACU အဖြစ် အမည်ပြောင်းလဲခဲ့ပါသည်။

**ဥပဒေပြဋ္ဌာန်း**

၂၀၁၆ ခုနှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေသစ်တစ်ခု ပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် Criminal Procedure (2007) နှင့် Criminal Code (2009) တို့ကို အခြေခံထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၀ ပြည့်နှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်း (Anti-Corruption Institution _ ACI) ကို ဖွဲ့စည်းခဲ့ပါသည်။

ACI အောက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက် မဟာဗျူဟာချမှတ်ခြင်းနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကောင်စီ (National Council Against Corruption _ NCAC) နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Anti-Corruption Unit _ACU) ဟူ၍ အဖွဲ့နှစ်ဖွဲ့ ဖွဲ့စည်းထားရှိကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**မဟာဗျူဟာ ချမှတ်ဆောင်ရွက်ခြင်း**

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံအဆင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၉-၂၀၂၃) တွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အများပြည်သူအသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ် ၁၃ ခု၊ အညွှန်းကိန်း ၁၆ ခု တို့ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ(၂၀၁၀) အရ NCAC အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများချမှတ်သွားရန် တာဝန်ရှိသဖြင့် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ချမှတ်ခဲ့ပြီး (က) အသိပညာပေးရေး၊ (ခ) တားဆီးကာကွယ်ရေး၊ (ဂ) ဥပဒေမူဘောင်ခိုင်မာအားကောင်းစေရေးနှင့် တရားဥပဒေစိုးမိုးရေး၊ (ဃ) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ (င) မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ခိုင်မာအားကောင်းစေရေး၊ (စ) အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် ဖြောင့်မတ်တည်ကြည်မှုတိုးမြှင့်စေရေးနှင့် (ဆ) ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာစေရေး စသည့်မဟာဗျူဟာများကို ACU အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်း**

ACU အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ GRADE 4 မှ GRADE 12 အထိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးရည်ညွှန်းစာအုပ် ၈၂၅၀၀၀ ကို ဖြန့်ဝေပေးခဲ့ခြင်း၊ E-LEARNING စနစ်ဖြင့် သင်ကြားပေးခြင်း၊ Website နှင့် Facebook Page တို့မှတစ်ဆင့် အသိပညာပေးခြင်း၊ အခြားသတင်းမီဒီယာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး တားဆီးကာကွယ်ရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းများအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လမ်းညွှန်စာအုပ်များထုတ်ဝေခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဝန်ဆောင်ခများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ကျင့်ဝတ်များထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများအတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရေးရည်ရွယ်ကာ ပြည်တွင်းနှင့်ပြည်ပ စီးပွားရေးကုမ္ပဏီ ၂၂ ခုနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည်ကိုလည်း တွေ့ရှိရပါသည်။

**ပိုင်ဆိုင်မှုကြေညာခြင်း**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် အစိုးရဌာနဆိုင်ရာ အရာထမ်းများနှင့် စစ်ဘက်ဆိုင်ရာ အရာထမ်း ၁၀၀၀၀၀ ကျော်ခန့်အား ပိုင်ဆိုင်မှုကြေညာလွှာတင်သွင်းရေးမူဝါဒကို ACU က NCAC သို့ တင်ပြအတည်ပြုခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ အရ ပိုင်ဆိုင်မှုကြေညာလွှာတင်သွင်းရန် တာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်ဆိုင်ရာ စာရင်းများကို ပုဒ်မ ၁၈ အရ နှစ်နှစ်လျှင်တစ်ကြိမ်၊ ဇန်နဝါရီလအစောပိုင်း သို့မဟုတ် ဇန်နဝါရီလ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ ACU သို့ လူကိုယ်တိုင်သွားရောက်တင်သွင်းရပါသည်။

ပုဒ်မ ၁၉ အရ ပိုင်ဆိုင်မှုတင်သွင်းရမည့်စာရင်းတွင် ပါဝင်ခြင်းမရှိသော်လည်း ACU က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးချိန်တွင် အဂတိလိုက်စားမှုရှိကြောင်း သံသယရှိသူများအနေဖြင့်လည်း ပုဒ်မ ၁၇ နှင့် ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြေညာလွှာတင်သွင်းရန် တာဝန်ရှိပါသည်။ ကြေညာလွှာတင်သွင်းရန် တာဝန်ရှိသူများအနေဖြင့် ပျက်ကွက်ခြင်းနှင့် မမှန်မကန်တင်သွင်းခြင်းတို့ကို ပြုလုပ်ပါက ပုဒ်မ ၃၈ အရ "ထောင်ဒဏ်တစ်လမှ တစ်နှစ်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ် ရီးယယ် (RIEL) ၁၀၀၀၀၀ မှ ရီးယယ် (RIEL) ၂၀၀၀၀၀၀ ထိပါ ချမှတ်နိုင်ပြီး ACU သို့ ကြေညာလွှာတင်သွင်းသွားရန်" အမိန့်ချမှတ်ခြင်းခံရနိုင်သည်။ ငြင်းပယ်ခြင်းပြုလုပ်ပါက ပြစ်ဒဏ်နှစ်ဆ ချမှတ်ရန်ဖြစ်ပါသည်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း**

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ACU အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းသို့ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ကာ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။

ထို့အပြင် ADB/OECD Anti-Corruption Initiative သို့ ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ International Association Of Anti-Corruption Authorities (IAACA) သို့ ၂၀၀၆ ခုနှစ်တွင် လည်းကောင်း၊ International Anti-Corruption Academy (IACA) သို့ ၂၀၁၃ ခုနှစ်တွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည်ကိုတွေ့ရှိရပြီး ASEAN_PAC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်လည်း နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

> **"ကမ္ဘောဒီးယားနိုင်ငံတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်နေပြီး ပိုင်ဆိုင်မှုကြေညာခြင်းလုပ်ငန်းကို နည်းပညာအခြေပြုအသုံးပြုနိုင်ခြင်း မရှိသေးသော်လည်း ၎င်းတို့နိုင်ငံနှင့်သင့်လျော်သည့်စနစ်ဖြင့် ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံတကာအသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် TI ရုံးခွဲကို ဖွင့်လှစ်ကာ စစ်တမ်းများ ကောက်ယူခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရ"**

စာမျက်နှာ ၉ သို့ ■

## ဖြူးမြို့နယ် ချောင်းကောက်ကျေးရွာတွင် မီးလင်းရေးဖွင့်ပွဲ ပြုလုပ်

ဖြူး ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချောင်းကောက် ကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် NEP Phase-II အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော (50KVA) ထရန်စဖော်မာမှ အိမ်ခြေ ၈၇ အိမ်အတွက် အိမ်သုံးလျှပ်စစ်မီတာများဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ပြီဖြစ်သောကြောင့် မီးလင်းရေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



မီးလင်းရေးဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကြည်က ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမှုနှင့် လျှပ်စစ်မီးကို အန္တရာယ်ကင်းစွာ သုံးစွဲရမည့် အချက်များကို ရှင်းလင်းပြောကြားကာ ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီနာယက ဦးတင့်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျေးရွာမီးလင်းရေးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးလှမျိုးသိန်းနှင့် ဖြူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

ထန်းတပင် ဇွန် ၂၃

ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ထန်းတပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲနှင့် လက်သန့်ဆေးရည် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ရိုးခွကျေးရွာအုပ်စု ဘိုးကြီးစုကျေးရွာ၌ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး သင်တန်းဖွင့်ပွဲတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူကသင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ သင်တန်းကို ဇွန် ၂၃ ရက်မှ ဇွန် ၂၇ ရက်အထိ ငါးရက်ကြာဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၁၅ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ရေကြည်မြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာ နေပီယာမြက် စိုက်ပျိုးပွဲ ကျင်းပ



ရေကြည် ဇွန် ၂၃

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဒေါင့်မှန်ကုန်းကျေးရွာရှိ တောင်သူ ဦးမောင်မောင်သော်၏မြေနေရာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဖြိုးအိအိစံက မွေးမြူသူ တောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင် ကိုယ်တိုင်စိုက်ပျိုး မွေးမြူခြင်းဖြင့် အာဟာရတန်ဖိုး မြင့်မားသော အစာကို ကျွေးမွေးနိုင်ခြင်းကြောင့် ကြီးထွားနှုန်းမြင့်မားပြီး ထုတ်လုပ်မှုကောင်းစွာရရှိခြင်း၊ အစာကုန်ကျစရိတ် သက်သာခြင်း၊ အစာရေစာရှားပါးချိန်တွင် ဖူလုံလောက်ငမှုရှိခြင်းတို့ကြောင့် မိရိုးဖလာအစာကျွေးမွေးမှု ပုံစံမှသည် အာဟာရတန်ဖိုး မြင့်မားသော အစာကျွေးမွေး နိုင်ကြစေရန် မွေးမြူသူများအနေဖြင့် စိတ်ဝင်စားစွာ လိုက်ပါစိုက်ပျိုးနိုင်စေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနေပီယာမြက် စိုက်ပျိုးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမျိုးနွယ်၊ မြို့မြေစာရင်းဦးစီးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဖြိုးအိအိစံနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

■ **စာမျက်နှာ ၈ မှ**

၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International- TI) ရုံးခွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် ဖွင့်လှစ်နိုင်ခဲ့သည်အထိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အတော်အသင့်အောင်မြင်နေသည်ကို တွေ့မြင်နိုင်ပါသည်။

**စစ်တမ်းများကောက်ယူခြင်း**

၂၀၁၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ အသက် ၁၅ နှစ်နှင့် ၃၀ နှစ်အကြားရှိ လူငယ် ၁,၂၀၀ ကို "အဂတိလိုက်စားမှုဖြစ်စဉ်များတွင် လူငယ်များ၏ ပါဝင်ပတ်သက်မှုနှင့် ဖြောင့်မတ်တည်ကြည်မှု" နှင့်စပ်လျဉ်း၍ စစ်တမ်းတစ်ခုကောက်ယူခဲ့ပါသည်။ ဖြေဆိုသူ ၉၉ ရာခိုင်နှုန်းက အဂတိလိုက်စားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအဟန့်အတားတစ်ခုဖြစ်သည်ဟု ဖြေဆိုခဲ့ပါသည်။ ထို့အပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၁၀၀ မှ စီအီးအိုများသို့လည်း "အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ဖြစ်ပွားလေ့ရှိသည့် အဂတိလိုက်စားမှုများ" နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာတွင် ၅၇ ရာခိုင်နှုန်းက အဂတိလိုက်စားမှုသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအဟန့်အတားဖြစ်သည်ဟု ဖြေဆိုခဲ့သဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်တင်ပြခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် စီရင်စု ၂၅ ခုရှိ လူဦးရေ ၁၅၉၆ ဦးသို့ "ဘဏ္ဍာရေးလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု" နှင့်စပ်လျဉ်းသည့် စစ်တမ်းတစ်ခုကိုကောက်ယူခဲ့ရာ ဖြေဆိုသူ ၉၉ ဒသမ ၇ ရာခိုင်နှုန်းက ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာငွေအသုံးစရိတ်နှင့်စပ်လျဉ်း၍ ရှင်းလင်းသေချာစွာ မသိကြောင်း တုံ့ပြန်ဖြေကြားခဲ့သဖြင့် ဘဏ္ဍာငွေအရ/အသုံးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာချပြနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြံပြုတင်ပြခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင်လည်း အမျိုးသမီး ၅၆၉ ဦးသို့ "အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍ"နှင့်စပ်လျဉ်းသည့် စစ်တမ်း တစ်ခုကောက်ယူခဲ့ပြီး စီမံခန့်ခွဲမှုနယ်ပယ်အတွင်း အမျိုးသမီးများနှင့် လူငယ်များ တွေ့ကြုံခံစားနေရသည့်အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုထောက်ပြခဲ့ပါသည်။

**နားလည်မှုစာချွန်လွှာ**

ကမ္ဘောဒီးယားနိုင်ငံတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်နေပြီး ပိုင်ဆိုင်မှုကြေညာခြင်းလုပ်ငန်းကို နည်းပညာအခြေပြု အသုံးပြုနိုင်ခြင်း မရှိသေးသော်လည်း ၎င်းတို့နိုင်ငံနှင့် သင့်လျော်သည့်စနစ်ဖြင့် ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံတကာ အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် TI ရုံးခွဲကို ဖွင့်လှစ်ကာ စစ်တမ်းများ ကောက်ယူခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ ဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကဲ့သို့သော ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံအား နားလည်မှုစာချွန်လွှာ အဆိုပြုကမ်းလှမ်းလာခဲ့ရာ နိုင်ငံတော်အစိုးရမှကြိုဆိုခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး အတွေ့အကြုံ သင်ခန်းစာများ ဖလှယ်၍ အပြန်အလှန်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး စီစဉ်ကြိုးပမ်းလျက်ရှိပါသည်။

**ရည်ညွှန်းကိုးကား -**

**ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ ဝက်ဘ်ဆိုက်**

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**(ယမန်နေ့မှအဆက်)**

Golden Hand သတင်းဌာနမှ **ထုတ်ဝေသူ ဦးလှဆွေ**က ယခုအချိန်တွင် လွှတ်တော်မရှိသည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စား သတင်းထောက်ကြီးများက ပြည်သူများ၏ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်ကဲ့သို့ သဘောထားပြီး အစိုးရအဖွဲ့ကို မေးမြန်းကြကြောင်း၊ အစိုးရအဖွဲ့ကလည်း တလေးတစားဖြင့် ပြန်လည်ဖြေကြားပေးကြကြောင်း၊သတင်းထောက်ကြီးများအနေဖြင့်လည်း မိမိကိုယ်ကို လွှတ်တော်ကိုယ်စားလှယ်ကဲ့သို့ သဘောထား၍ မေးခွန်းများကို တလေးတစားသေသေချာချာ မေးမြန်းပေးရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း၊ မိမိတင်ပြလိုသည့်မေးခွန်းမှာ သမ္မတကြီးဦးသိန်းစိန်လက်ထက်တွင် သာသနာရေးဝန်ကြီး ဦးဆန်းဆင့်က ရက်ကန်းစင်တောင်တွင် ဘုရားတည်ကြောင်း၊ ၎င်းပုဂ္ဂလိကဆန္ဒဖြင့် ၎င်းကိုယ်ပိုင်ပူဇော်လို၍ ဘုရားတည်ခြင်းဖြစ်ကြောင်း၊ သို့သော် အသုံးပြုသည့်အခါတွင် နိုင်ငံတော်ပိုင်ကားနှင့် နိုင်ငံတော်ပိုင် စက်သုံးဆီကို အသုံးပြုခဲ့ကြောင်း စုစုပေါင်းငွေကျပ် ၇၃ သိန်း အသုံးပြုခဲ့ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာကို အသုံးပြုခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ပြီး အဂတိလိုက်စားမှုဖြစ်သည့်အတွက်ကြောင့် အရေးယူထောင်ချခြင်းခံခဲ့ရကြောင်း၊ NLD အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းမိတ်ဆွေတစ်ဦး၏ဇနီး ကျန်းမာရေးမကောင်းသဖြင့် ထိုအမျိုးသမီး ဆေးရုံတက်ရောက်ကုသနေရန် ထိုင်းနိုင်ငံသို့ လေယာဉ်ပျံစင်းလုံးငှားပြီး အသွား/အပြန်သွားခဲ့ကြောင်း၊ ယင်းခရီးစဉ်အတွက် နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျခဲ့ခြင်း ရှိ/မရှိ၊ ၎င်းရရှိခဲ့သော နိဘယ်ဆုကြေးမှ ကုန်ကျခဲ့ခြင်းရှိ/မရှိ၊ အကယ်၍ နိုင်ငံတော်ဘဏ္ဍာငွေမှ အသုံးပြုခဲ့လျှင် အဂတိလိုက်စားမှုမြောက်ခြင်း ရှိ/မရှိ၊ အဂတိလိုက်စားမှုသည် တိုင်ကြားမှသာလျှင် ဖြစ်မှုမြောက်/မမြောက်သိလိုကြောင်း၊ မတိုင်ကြားဘဲနှင့်လည်း ကျော်စောမှုဖြင့် အဂတိလိုက်စားမှုကို တရားစွဲလို့ရသည်ဟု ယခင်အစိုးရလက်ထက်က ဦးအောင်ကြည် ပြောခဲ့သည်ကို မိမိကြားခဲ့ဖူးကြောင်း၊ ထို့ကြောင့် ဤအကြောင်းအရာသည် အဂတိလိုက်စားမှု မြောက်/မမြောက်ကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

### အသေးစိတ်စစ်ဆေးသုံးသပ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဒေါ်အောင်ဆန်းစုကြည်သည် ဘန်ကောက်တွင် ဆေးရုံတက်ရောက်ကုသနေသော အမျိုးသမီးထံသို့ MAI လေယာဉ်ဖြင့် စင်းလုံးငှားသွားရောက်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ မည်သည့်နေရာမှ ကုန်ကျခဲ့သည်ကိုအထောက်အထားနှင့် သုံးစွဲမှုဖြစ်စဉ်များကို အသေးစိတ်စစ်ဆေးသုံးသပ်ပြီးပါက အဂတိလိုက်စားမှု ကျူးလွန်ခြင်း ရှိ/မရှိကို သိရမည်ဖြစ်ကြောင်း၊ ထိုအချက်နှင့် ပတ်သက်၍ မှတ်သားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တာဝန်ရှိသူတစ်ဦး**က ပြဋ္ဌာန်းဥပဒေပုဒ်မ ၃(က) တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် များစွာရှိကြောင်း၊ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ စိစစ်သုံးသပ်မှုများ၊ အကြောင်းအရာများနှင့် အချက်အလက်များကို ချိန်ညှိ၍ သတင်းထောက်ကြီး မေးခွန်းပါအကြောင်းအရာသည် အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အဂတိလိုက်စားမှု မြောက်/မမြောက်ကို စိစစ်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**တွဲပြောသတင်းမီဒီယာ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မကြာသေးမီက မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးသည် ဗေယျာသော်နှင့်ဂျင်မီတို့၏ပြစ်ဒဏ်ကို အတည်ပြုခြင်းနှင့်ပတ်သက်၍ ရှုတ်ချခြင်း၊ တချို့သံအမတ်များက တရားမဝင်အစိုးရဟု သုံးနှုန်းခြင်းများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ဥပဒေအရ နိုင်ငံတော်အကြီးအကဲ၏အမိန့်သည် သေဒဏ်အတွက် အယူခံဝင်ခြင်းတွင် နောက်ဆုံးအမိန့်ဖြစ်ကြောင်း၊ နိုင်ငံသားအချင်းချင်းအပေါ် သက်ညှာခြင်း/သက်ညှာမှုမရှိခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ်တွင် မူတည်လိမ့်မည်ဟု မိမိအနေဖြင့်ထင်မြင်ကြောင်း၊ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ်(၃)တွင် သံတမန်များသည် စေလွှတ်တာဝန်ပေးအပ်သည့်နိုင်ငံနှင့်လက်ခံသည့်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်စေရန်နှင့် ဆက်ဆံရေးပိုမိုခိုင်မြဲစေရေး ဆောင်ရွက်ရန်ဖြစ်သည်ဟုပါဝင်ကြောင်း၊ အပိုဒ်(၄)တွင် လက်ခံသည့်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရဟု ပြဋ္ဌာန်းထားကြောင်း၊ အထက်ပါ သံအမတ်များသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်(၂)အရ ပေါ်ပေါ်ထင်ထင် ချိုးဖောက်ရာရောက်ကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့်လည်း မရှိကြောင်း၊ ၎င်းတို့ပြောနေသည့် NUG အစိုးရကို လက်ခံလျှင် ၎င်းသံအမတ်နှင့် ၎င်း၏သံရုံးကို အဆိုပါ NUG အစိုးရရုံးစိုက်သည့်နေရာသို့ ရွှေ့ပြောင်းသွားရမည်ဖြစ်ကြောင်း၊ မိမိကဲ့သို့ အေးချမ်းစွာနေထိုင်လိုသည့် မြန်မာနိုင်ငံသားအားလုံးကို စော်ကားရာရောက်ကြောင်း၊ ထိုအပြုအမူများကို မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း၊ UN သည် ယခုလက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အသိအမှတ်မပြုဟုပြောကြောင်း၊ ယင်းအဖွဲ့အစည်းသည် အလျှုခံစားသည့်အဖွဲ့ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကိုပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အလှူခံမည်ဖြစ်ကြောင်း၊ ယခုမိမိတို့ ကရင်ပြည်နယ်၊ KNU နယ်မြေများတွင် ဒုက္ခသည် ၉၀၀၀၀ ကျော်အတွက် UN သည် အထောက်အပံ့များပေးရန် ပြင်ဆင်လျက်ရှိကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ပိတ်မိနေသူများသည် မျောက်ဖြစ်မှန်းမသိဖြစ်နေကြပြီး မိမိကဲ့သို့ အေးချမ်းစွာနေထိုင်လိုသူ မြန်မာနိုင်ငံသားအားလုံးသည်လည်း မျောက်ဘဝသို့အလိုလိုကျရောက်နေရကြောင်း၊ အဆိုပါမျောက်ပြဆန်တောင်း UN အဖွဲ့အစည်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အသိအမှတ်မပြုဟုပြောဆိုနေသော်လည်း မော်လမြိုင်မြို့ရှိ UN ဝန်ထမ်းကို PDF များက သေနတ်ဖြင့် ပစ်သတ်ခဲ့သည့်အမှုကို ဥပဒေအရထိရောက်စွာအရေးယူပေးရန် လက်ရှိအစိုးရအား တောင်းဆိုခဲ့ကြောင်း၊ NUG ကို ထောက်ခံသည့်အဖွဲ့အစည်းသည် NUG ကိုသာ တောင်းဆိုရမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ယင်းနိုင်ငံ၏ဥပဒေကို ချိုးဖောက်ပါက ချိုးဖောက်သူအား နိုင်ငံတွင်းမှ ချက်ချင်းနှင်ထုတ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ဘာသာရေး၊ ယဉ်ကျေးမှုအရ သည်းခံစိတ်မွေးသောကြောင့် မကြာခဏ စော်ကားနေကြကြောင်း၊ မိမိတို့အနေဖြင့် အကြံပေးခြင်းနှင့်အတူ မေးခွန်းတစ်ခုမေးလိုကြောင်း၊ နိုင်ငံအတွင်းရှိသံရုံးများက သံတမန်များ/သံအမတ်များကို ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲသို့ဖိတ်ပါက လေယာဉ်ဖြင့် ကြိုရမည်ဖြစ်သဖြင့် ခရီးကုန်ကျစရိတ်၊ စကားပြန်ငှားပေးရမည့်ကုန်ကျစရိတ် စသည်ဖြင့် များစွာကုန်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ကျစရိတ်မများစေရန်နှင့် ၎င်းတို့လည်းကြည့်ရှုသိရှိစေရန် ဗင်နီဇွဲလားနိုင်ငံကဲ့သို့ လုပ်ဆောင်စေလိုကြောင်း၊ ဗင်နီဇွဲလားနိုင်ငံသည်လည်း မိမိတို့နိုင်ငံကဲ့သို့ ဖြစ်ခဲ့ကြောင်း၊ ၎င်းတို့၏လုပ်ဆောင်ပုံမှာ အမေရိကန်၊ ပြင်သစ်သံရုံးနှင့် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်ရုံးများရှေ့တွင် LED Board များထောင်၍ နိုင်ငံအတွင်း နေ့စဉ်အဖြစ်အပျက်များကို Channel တစ်ခုအနေဖြင့် နေ့စဉ်ပြသခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ထိုကဲ့သို့လုပ်ဆောင်စေလိုကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ PDF များ၏အဖျက်လုပ်ရပ်များကို ၎င်းတို့က အစီရင်မခံကြောင်း၊ PDF များက ဘုန်းတော်ကြီးများကို သတ်ဖြတ်ခဲ့သည့်ကိစ္စများနှင့် ယခင်သတင်းစာရှင်းလင်းပွဲတွင် တင်ပြခဲ့သည့် ဘုရားပေါ်ကကိစ္စများကိုလည်း အစီရင်မခံကြောင်း၊ မိမိတို့ဘက်မှ အနည်းငယ်မှားယွင်းပါက များစွာချဲ့ကား၍ ပြောကြကြောင်း၊ အထက်ပါကဲ့သို့ LED Board များထောင်၍ နိုင်ငံအတွင်း နေ့စဉ်ဖြစ်ပျက်နေသည့် PDF များ၏ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မှုကို နေ့စဉ်ပြသနေမည်ဆိုပါက ၎င်းတို့သံအမတ်များ မကြည့်လျှင်ပင် ယင်းတို့၏နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနက CCTV မှတစ်ဆင့် သိမြင်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ LED Board များထောင်ခြင်းဖြင့် ဗင်နီဇွဲလားနိုင်ငံက ၎င်းတို့နိုင်ငံအတွင်းမှအမေရိကန်သံအမတ်ကို ထုတ်ပစ်ခဲ့သကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း လုပ်ဆောင်စေလိုကြောင်း၊ ထို့ကြောင့် အဆိုပါ LED Board များထောင်ရန် အစီအစဉ် ရှိ၊ မရှိကို သိလိုကြောင်း၊ အခြားမေးခွန်းတစ်ခုမှာ အလုပ်တာဝန်များပြားသော ဝန်ထမ်းအကြီးအကဲများနှင့် ဦးစီးအရာရှိများအား တစ်လလျှင် စက်သုံးဆီ ဂါလန် ၃၀ ကို ငွေဖြင့်တွက်၍ပေးကြောင်း၊ တစ်ဂါလန်လျှင် ၆၅၀၀ ကျပ်ခန့်သာ ဈေးရှိပြီး မြေပြင်တွင် အများပြည်သူများကဲ့သို့ ပုဂ္ဂလိကဆီဆိုင်များတွင် တစ်ဂါလန် ကျပ် ၁၂၀၀၀ ကျော်ဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း၊ တစ်ဂါလန်လျှင် ကျပ် ၅၀၀၀ ကျော်ခန့်ဖြင့် တစ်လလျှင် အနည်းဆုံး ကျပ်နှစ်သိန်းကျော် သုံးသိန်းခန့် စိုက်သုံးနေရကြောင်း၊ လွန်ခဲ့သောနှစ်များက BOC ကဲ့သို့ဆိုင်များတွင် ဝန်ထမ်းများကို စက်သုံးဆီထုတ်ပေးခြင်း၊ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းများနှင့်အညီ ဝယ်ယူသုံးစွဲနိုင်စေရန် လုံလောက်သောငွေကြေးများထုတ်ပေးခြင်းကဲ့သို့သော အစီအစဉ်များ ဆောင်ရွက်ပေးရန် ရှိ၊ မရှိ သိလိုကြောင်းမေးမြန်းသည်။



Golden Hand သတင်းဌာနမှ ထုတ်ဝေသူ ဦးလှဆွေ



လူထုရင်ဖွင့်သံ သတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး



လူထုရင်ဖွင့်သံသတင်းဌာနမှ သတင်းထောက် ဦးစိုးစိုးမင်း

### အကြမ်းဖက်မှုနှင့်ပတ်သက်သည့် သတင်းလွှာဖြန့်ဝေ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သံတမန်များနှင့်ပတ်သက်၍ ၎င်းတို့သိလိုသည့် သတင်းဆိုပါက အကုန်သိရှိကြောင်း၊ ချောင်ကြိုချောင်ကြားသတင်းကအစသိရှိပြီး ထုတ်ပြန်လိုပါက ထုတ်ပြန်ကြောင်း၊ အညာဒေသရှိ မထင်မရှားမြို့က မထင်မရှားရွာတစ်ရွာ မီးလောင်သည်ကိုပင်သိရှိကြောင်း၊ သိချင်လျှင်အကုန်သိပြီး မသိချင်လျှင်မသိကြောင်း၊ မိမိတို့သတင်းစာရှင်းလင်းပွဲကိုလည်း အနည်းဆုံးအဆင့်သည် စောင့်ကြည့်ကြပြီး ၎င်းတို့အချင်းချင်းသာ အစီရင်ခံကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း သတင်းများနှင့်ပတ်သက်၍ ပေးပို့မှုများရှိကြောင်း၊ တစ်ပတ်လျှင်နှစ်ကြိမ် အကြမ်းဖက်မှုနှင့်ပတ်သက်သည့်သတင်းလွှာInformation Sheet ကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ ပြုလုပ်ခြင်းရှိကြောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများအားလုံး၊ ပြည်ပရှိ မြန်မာသံရုံးများအားလုံး၊ UN နှင့်ဆိုင်သော အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတကာသို့ မိမိတို့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မသိချင်ယောင်ဆောင်နေကြောင်း၊ ၎င်းတို့လိုချင်သော၊ လုပ်ချင်တာလုပ်ခြင်းမျိုးသာရှိကြောင်း၊ ပြင်သစ်သံအမတ်ကြီးနှင့်ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂနှင့်ပတ်သက်၍လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနက အသေးစိတ်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ စက်သုံးဆီကိစ္စနှင့်ပတ်သက်၍ ဝန်ထမ်းများသို့ ဆီမပေးဘဲ ငွေကိုသာပေးခြင်းသည် အဆိုပါဝန်ထမ်းများအတွက် နိုင်ငံခြားမှနေ၍စက်သုံးဆီသီးသန့်တင်သွင်းခြင်းမျိုး မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့လုပ်ဆောင်နေရခြင်းသည် ဝန်နှင့်အားမမျှဟု ပြောဆိုနေခြင်းများကိုလည်းကြားရကြောင်း၊ ယင်းအချက်နှင့်ပတ်သက်၍ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးသပ်ချက်အရ ရာထူးအဆင့်မြင့်သည့် ဝန်ထမ်းများကို ဆီဖြတ်ခြင်းသည် အကြောင်းထူးကိစ္စမဟုတ်သော်လည်း အလယ်အလတ်တန်းရာထူးရှိ အမှန်တကယ်သုံးစွဲနေရသည့်ဝန်ထမ်းများကို ဆီအနည်းငယ်လျှော့၍ပေးခြင်းသည် ၎င်းတို့အနေဖြင့် အနည်းငယ်အခက်အခဲဖြစ်မည်ဆိုသည်ကို သိရှိကြောင်း၊ အဆင့်ဆင့်ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

### ပြင်သစ်သံရုံးသို့လည်း ကန့်ကွက်စာပေးပို့ခဲ့

ဆက်လက်၍ **နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ပြင်သစ်သံအမတ်ကြီးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလ ၆ ရက်နေ့မှစပြီး သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ပြင်သစ်သံရုံးသို့လည်း ကန့်ကွက်စာပေးပို့ခဲ့ကြောင်း၊ ပြင်သစ်သံအမတ်ကြီးကိုလည်း ယခုလ ၉ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ခေါ်ယူ၍ အမြဲတမ်းအတွင်းဝန်ကိုယ်တိုင် ကန့်ကွက်ခဲ့ကြောင်း၊အဆိုပါလုပ်ဆောင်မှုသည် သံတမန်ရေးရာ၌ အပြင်းထန်ဆုံးသတိပေးခြင်းမျိုးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်မှုများကို သံရုံးများသာမက သက်ဆိုင်ရာနိုင်ငံများကပါ ကောင်းစွာသိရှိကြကြောင်း၊ **စာမျက်နှာ ၁၁ သို့** ❋

**☆ ပြင်သစ်သံအမတ်ကြီးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလ ၆ ရက်နေ့မှစပြီး သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ပြင်သစ်သံရုံးသို့လည်း ကန့်ကွက်စာပေးပို့ခဲ့ကြောင်း၊ ပြင်သစ်သံအမတ်ကြီးကိုလည်း ယခုလ ၉ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ခေါ်ယူ၍ အမြဲတမ်းအတွင်းဝန်ကိုယ်တိုင် ကန့်ကွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ဆောင်မှုသည် သံတမန်ရေးရာ၌ အပြင်းထန်ဆုံးသတိပေးခြင်းမျိုးဖြစ်**

**☆ နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာဆက်ဆံရေးနှင့် UN Charter၊ သံတမန်ဆက်ဆံရေး၊ ဗီယင်နာကွန်ဗင်းရှင်းပါအတိုင်း ဘောင်ထဲမှနေ၍ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး တစ်ဖက်မှဆောင်ရွက်ချက်များသည် အထက်ပါဥပဒေများကိုကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်မှုများကိုလည်း အမြဲထောက်ပြသတိပေးမှုများ ပြုလုပ်**

❋ စာမျက်နှာ ၁၀ မှ

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေအနေကို ရှင်းလင်းပြောပြခြင်း၊ ဖြစ်စဉ်အမှန်များကို အသိပေးခြင်း၊ မှန်ကန်မှုမရှိသည့် စွပ်စွဲချက်များ၊ အတည်ပြုချက်မရှိသည့် ကိန်းဂဏန်းများချဲ့ကားပြောဆိုမှုများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းထောက်ပြ အသိပေးခြင်းများရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာဆက်ဆံရေးနှင့် UN Charter၊ သံတမန်ဆက်ဆံရေး၊ ဗီယင်နာကွန်ဗင်းရှင်းပါအတိုင်း ဘောင်ထဲမှနေ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး တစ်ဖက်မှ ဆောင်ရွက်ချက်များသည် အထက်ပါဥပဒေများကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်မှုများကိုလည်း အမြဲထောက်ပြသတိပေးမှုများ ပြုလုပ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**တွဲပြေသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့်အကြောင်းအရာတစ်ခုကို ဗိုလ်ချုပ်တို့အပါအဝင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းတစ်ခုပေးလိုကြောင်း၊ ရန်ကုန်မြို့၌ ဒေါ်လာခြောက်သောင်းမှ တစ်သိန်းကျော်အထိ Hate Speech ဆိုသည့်ခေါင်းစဉ်ဖြင့် အဖွဲ့အစည်းတချို့ကိုခေါ်၍ ယခုစတင်ဆောင်ရွက်နေကြောင်း၊ ၎င်းတို့ဦးတည်ချက်သည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ ဗုဒ္ဓဘာသာဝင်များက ၎င်းတို့ OIC နှင့်ပတ်သက်သောဘာသာကိုထိခိုက်စေသည့်၊ ပုတ်ခတ်စေသည့်၊ စော်ကားသည့်စကားများကို သီးခြားစုဆောင်းပြီး OIC မှတစ်ဆင့် ICC ၊ ICJ သို့ပေးပို့ပြီး ဘာသာရေးအသွင်ဆောင်ရန် ကြိုးစားနေကြောင်းကို မိမိအနေဖြင့် လွန်ခဲ့သည့်သီတင်းပတ်က သတင်းရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သတိချပ်စေလိုကြောင်းတင်ပြသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး**က မိမိအဓိက မေးမြန်းလိုသည်မှာ မိမိတို့နိုင်ငံသားများနှင့် နိုင်ငံတော်ကြားတွင် ပျောက်ဆုံးနေသည့် ငွေကြေးများအကြောင်းဖြစ်ပါကြောင်း၊ လျှပ်စစ်မီတာဘေလ်များကို အချိန်မှန်မှန်လာမဖတ်ကြောင်း၊ အောက်ခြေ၌ အပစ်ခံရခြင်း၊ အသတ်ခံရခြင်းများရှိသည်ဆိုပြီး နှစ်လ၊ သုံးလတစ်ခေါက်ပေါင်းဖတ်ပါကြောင်း၊ ဘေလ်စာရွက်ကို နှစ်လ၊ သုံးလပေါင်းပေးပါကြောင်း၊ ဘေလ်သွားဆောင်သည့်အခါတွင် ဒဏ်ကြေးဆောင်ရပါကြောင်း၊ ယင်းဒဏ်ကြေးများသည်လည်း တစ်နေရာနှင့်တစ်နေရာမတူပါကြောင်း၊ တချို့နေရာတွင် ငွေ ၂၀၀၀ ကျပ် ဒဏ်ရိုက်ပြီး တချို့နေရာတွင် ငွေ ၄၀၀၀ ကျပ်ဒဏ်ရိုက်ပါကြောင်း၊ သို့သော်လည်း ငွေလက်ငင်းဖြတ်ပိုင်းမပေးပါကြောင်း၊ အလွတ်ငွေကြေးပေးရပါကြောင်း၊ ရပ်/ကျေးများတွင်လည်း ဧည့်စာရင်းတိုင်ကြားသည့်အခါ ပုံမှန် ၅၀၀၀ ကျပ်ပေးရပါကြောင်း၊ သက်တမ်းပုံမှန်တိုးမည်ဆိုပါက ငွေ ၁၀၀၀ ကျပ် ပေးရပါကြောင်း၊ ရက်ကျော်ပါက ၅၀၀၀ ကျပ် ထပ်ပေးရပါကြောင်း၊ ထိုသို့ပေးနေရသည့် ငွေကြေးများရှိပါကြောင်း၊ ထို့အပြင် ခရီးသွားသည့်အခါတွင်လည်း ဂိတ်များတွင် ကြေညာထားသည်များရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မပါပါက ထောက်ခံစာဖြင့် ခရီးသွားလာခွင့်မပြုဟု ကြေညာထားပါကြောင်း၊ သို့သော် ယခုနိုင်ငံသားစိစစ်ရေးကတ်ပါသော်လည်း ထောက်ခံစာထပ်တောင်းပါကြောင်း၊ ထောက်ခံစာမပါပါက ငွေကြေးကောက်ခံပါကြောင်း၊ ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ်ပေးကြရပါကြောင်း၊ မိမိအနေဖြင့် ဥပမာအနေဖြင့်တစ်ခုစီခန့်သာ ထည့်ပြောခြင်းသာဖြစ်ကြောင်း၊ ထိုကဲ့သို့တခြားပေးနေရသည့် ငွေကြေးများစွာရှိကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ငွေကြေးများပေးဆောင်ရသော်လည်း နိုင်ငံတော်ကို အခွန်အနေဖြင့် အမှန်တကယ်ဝင်ရောက်ပါသလား၊ မည်သည့်နေရာတွင် ပျောက်ဆုံးသွားပါသလဲ၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့ စီမံညွှန်ကြားပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ကြပ်မတ်ဆောင်ရွက်ပေးသွားမည်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လျှပ်စစ်မီတာခများနှင့်ပတ်သက်ပြီး တချို့နေရာများတွင်ကောက်ခံရာ၌ အခက်အခဲရှိပါကြောင်း၊ တချို့အိမ်များတွင် အိမ်၌ လူမနေဘဲ လျှပ်စစ်မီတာခ ကောက်ခံရသည်ဟုဆိုသည့်အဖြစ်မျိုးများလည်း ရှိခဲ့ပါကြောင်း၊ ယခင်ကလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေပြီးဖြစ်ပါကြောင်း၊ တချို့နေရာများတွင် မှားယွင်းကောင်း မှားယွင်းနိုင်ပါကြောင်း၊ ထိုအရာများကို ပြန်လည်ဆောင်ရွက်၍ရသည်ဟု ပြောလိုပါကြောင်း၊ မှတ်ပုံတင်နှင့်ထောက်ခံစာ စစ်ဆေးခြင်းအပိုင်းကို မိမိတို့ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဟု ပြောလိုပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် မီတာခကောက်ခံခြင်းများနှင့်ပတ်သက်ပြီး လက်ရှိလုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားပေးစေလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ ရန်ကုန်၊ မန္တလေး သုံးခုသည် ဓာတ်အားရောင်းချခြင်း၊ ပြန်လည်ကောက်ခံခြင်းလုပ်ငန်းများကို လုပ်ပါကြောင်း၊ လစဉ် ၁ ရက်နေ့တွင် မီတာဘေလ်ဖတ်ခြင်း၊ မီတာဘေလ်ထုတ်ခြင်း၊ မီတာခကောက်ခံခြင်းလုပ်ငန်းများကို လုပ်ပါကြောင်း၊ သို့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ငွေကောက်ခံသည့်နေရာတွင် နှောင့်နှေးရသည်များရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကြိုးစားကောက်ခံသော်လည်း လစဉ်အကြွေးကျန်သည်များရှိပါကြောင်း၊ ကျန်ခဲ့သည့်လများအတွက် စီမံချက်များဖြင့် ကောက်ခံသည့်လုပ်ငန်းများ ဆက်လုပ်ပါကြောင်း၊ အကြွေးကျန်သည့်ကိစ္စများတွင် အကြောင်းအမျိုးမျိုးကြောင့် မဆောင်နိုင်သည့်ကိစ္စများလည်း ရှိပါကြောင်း၊ ကျန်ခဲ့သည့်အကြွေးကျန်များကို မိမိတို့ထံ လာဆောင်သည့်အခါတွင် ပြန်လည်စိစစ်ပြီး တိတိကျကျလုပ်ဆောင်နိုင်ရန်အတွက် ညွှန်ကြားချက်များလည်း ထုတ်ထားပါကြောင်း၊ တချို့နေရာများတွင် အနည်းငယ်လွဲနေနိုင်သည်များရှိပါက လိုအပ်သည့်နေရာများတွင် လိုအပ်သကဲ့သို့ ညွှန်ကြားချက်များထုတ်ပြီး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မီးသုံးစွဲသူများကလည်း မီတာခများကို ပုံမှန်ပေးဆောင်ပါက ပြည်သူများပို၍ မီးမှန်မှန်ကန်ကန်ရသွားမည်ဟု ဖြည့်စွက်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး**က နောက်ဆက်တွဲတစ်ခုအနေဖြင့် ပြည်သူများ၏ငိုညည်းနေသည့် ပြဿနာလေးတစ်ခုကို တင်ပြလိုပါကြောင်း၊ ယခင်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနတွင် ဆိုင်ကယ်စီးနင်းခွင့်ပိတ်ပင်ထားပါကြောင်း၊ ယခုလအတွင်းတွင် သန်လျင်၊ ဒလ၊ တွံတေးတို့တွင် ဆိုင်ကယ်စီးနင်းခွင့် ထပ်ပိတ်ပါကြောင်း၊ ကြေညာချက်အရ ယင်းသို့ဆိုသော်လည်း အောင်ခြေမြေပြင်တွင် ကော့မှူးမြို့နယ်ဘက်က ရွာတချို့အထိ ဆိုင်ကယ်စီးနင်းခွင့်ပိတ်လိုက်သည်ဟုသိရကြောင်း၊ ဆိုင်ကယ်နှင့်တက်လာပါက ဖမ်းပါကြောင်း၊ သိမ်းပါကြောင်း၊ ယင်းရွာများတွင် လိုင်းကားမရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ကျောင်းသွား/ကျောင်းလာ၊ ဈေးဝယ်ကအစ အခက်အခဲဖြစ်နေသည့်အတွက် ပြည်သူများ ငိုညည်းနေကြပါကြောင်း၊ ယင်းအရာများကို အဆင်ပြေစေရန် မည်သို့ဆောင်ရွက်ရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တချို့နေရာများတွင် လုံခြုံရေးအရ ကန့်သတ်ထားသည့် ဖြစ်စဉ်နှင့် လုပ်နေရသည်များဖြစ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရကို ဆက်သွယ်မေးမြန်းထားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ သတင်းထောက် ဦးစိုးစိုးမင်း**က မိမိသည် ပဲခူးတိုင်းအနောက်ခြမ်း၊ ပန်းတောင်းမြို့နယ်က ဖြစ်ပါကြောင်း၊ လက်ရှိမိမိတို့မြို့နယ်ရှိ တောင်သူများသည် ငွေကြေးပြန်ဆပ်ရန်အတွက် အခက်အခဲများစွာဖြင့် ကြုံတွေ့နေရပါကြောင်း၊ ကိုဗစ်-၁၉ကတစ်မျိုး၊ ဆန်၊ ဆီကုန်ဈေးနှုန်းများကြီးနေသည်ကတစ်မျိုး ဖြစ်နေသောကြောင့် ငွေကြေးပြန်ဆပ်ရန် ရုန်းကန်နေရသည့်အတွက် ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့ဖြေလျှော့၊ ဖြေရှင်းပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ဖြေလျှော့မှုများ၊ ငွေကြေးလည်ပတ်စီးဆင်းမှု ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်နိုင်ငံလုံးတွင်ရှိသည့် တောင်သူ ၁၈ သိန်းခန့်ကို စိုက်ပျိုးရာသီအလိုက် ချေးငွေများ ထုတ်ပေးထားခြင်းများရှိကြောင်း၊ တစ်နှစ်ကို စိုက်ပျိုးစရိတ်ချေးငွေသုံးမျိုး ထုတ်ပေးထားပါကြောင်း၊ တစ်ဧကတစ်နှစ်တာကာလအတွင်း အများဆုံးစိုက်ပျိုးစရိတ်ချေးငွေ နှစ်မျိုးထိ ချေးခွင့်ရှိပါကြောင်း၊ နှုန်းထားများ သတ်မှတ်ပြီးဖြစ်၍ အတိုးနှုန်းအနေဖြင့် တစ်နှစ် ငါးရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် မူလစိုက်ပျိုးစရိတ်အပြင် လယ်တစ်ဧကကို ငွေကျပ် ၅၀၀၀၀ နှုန်း ကိုဗစ်-၁၉ အထူးချေးငွေအဖြစ် ထပ်မံတိုးမြှင့်ချေးပေးခဲ့ပါကြောင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသည့် ချေးငွေနှစ်မျိုးမှသုံးမျိုးထိ ရယူထားကြောင်းကိုလည်း တွေ့ရပါကြောင်း၊ ၂၀၂၀-၂၀၂၁ တွင်ဖြစ်ခဲ့သည့် ကိုဗစ်-၁၉ သက်ရောက်မှုနှင့် ငွေကြေးစီးဆင်းလည်ပတ်မှု အခက်အခဲတချို့ကြောင့်၊ တောင်သူတချို့အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန်အခက်အခဲရှိကြောင်း တွေ့ရသည့်အတွက် ရာသီအလိုက်စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရန် ကာလတိုးမြှင့်ပေးခြင်း၊ ဒဏ်တိုးလျှော့ပေါ့ပေးခြင်း၊ ကိုဗစ်-၁၉ အထူးချေးငွေပြန်လည်ပေးဆပ်ရန်ကာလ သုံးကြိမ်တိုင်တိုင် တိုးမြှင့်ပြင်ဆင်ပေးခဲ့ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အဆုံးအဖြတ်နှင့် တောင်သူများ ချေးငွေပြန်ဆပ်မှုအဆင်ပြေစေရန် နိုင်ငံတော်က ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ယခင်ချေးငွေများကို ကျေလည်စွာပေးဆပ်ပြီးသည့် တောင်သူများကို ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်း အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့်အတွက်ကြောင့် ယခုနှစ်တွင် ယခင်နှစ်များကထက် ငွေကြေးစီးဆင်းမှု ပိုမိုလည်ပတ်ထိရောက်အောင်ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ တောင်သူများအနေဖြင့် ချေးငွေပေးဆပ်မှု အခက်အခဲများကို နိုင်ငံတော်နှင့် နိုင်ငံတော်ပိုင်များအနေဖြင့် ဆောင်ရွက်ပေးနိုင်သည့် ဖြေလျှော့မှုများ၊ ငွေကြေးလည်ပတ်စီးဆင်းမှု ကောင်းမွန်အောင်စီစဉ်ဆောင်ရွက်နေသည့် နည်းလမ်းများဖြင့် မိမိတို့ကူညီဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်နိုင်ရန်အတွက် ရှိပါသည်ဟု ပြန်လည်ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပညာရေးဝန်ကြီးဌာနက ယနေ့သတင်းစာထဲတွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ တက္ကသိုလ်ဝင်အောင်စာရင်းထုတ်ပြန်ရန် ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်အောင်စာရင်းနှင့်ပတ်သက်၍ ကြေညာထားပြီး ဖြစ်ပါကြောင်း၊ သို့သော်ပြည်သူလူထုများ ပိုမိုသိရှိရန်အတွက် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်က အောင်စာရင်းထုတ်ပြန်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြည်သူလူထုများ Awareness ဖြစ်အောင် ထုတ်ပြန်ပေးမည့် Website နှင့် ထုတ်ပြန်မည့်အကြောင်းကို ပြောပြပေးရန် မေတ္တာရပ်ခံလိုပါကြောင်းပြောကြားသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က သတင်းစာထဲတွင်လည်း မည်သည့် Website က ကြေညာမည်ကို ကြေညာထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်တွင်ရှိသည့် စာစစ်ဌာနများတွင်လည်း ဖြေထားသူများက သွားရောက်ကြည့်ရှုနိုင်ပါကြောင်းပြောကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အောင်စာရင်းများနှင့်ပတ်သက်ပြီး ထပ်မံပြောကြားလိုသည်မှာ စာစစ်ဌာနအလိုက်ကျောင်းများတွင် နံနက် ၆ နာရီတွင် အပြီးကပ်ပေးမည်ဖြစ်ကြောင်း၊ နံနက် ၄ နာရီမှစပြီး ကြေညာထားသည့် Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း၊ နှစ်စဉ်ဖြစ်နေသည့်အခက်အခဲရှိပါကြောင်း၊ တချို့က ၄ နာရီဆိုသော်လည်း ၁ နာရီ၊ ၂ နာရီခန့်ကတည်းက ဝင်နေသူများလည်း ရှိကြောင်း၊ ဝင်ရောက်ကြည့်ရှုသူများသောကြောင့် Website က Hang သွားသည်ထိ ဖြစ်ခဲ့ခြင်းများရှိပါကြောင်း၊ သို့သော် ပညာရေးဝန်ကြီးဌာနက အချိန်မီထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိအနေဖြင့် မေတ္တာပို့ဆုတောင်းလိုသည်မှာ ယခုနှစ်အောင်စာရင်းများ ထုတ်ပြန်သည့်အခါတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေထားသည့် ကျောင်းသားကျောင်းသူများ၊ ၎င်းတို့၏မိဘများအားလုံး ပျော်ရွှင်နိုင်ကြပါစေဟု ပြောကြားသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၃၇,၅၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၃၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၁၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၆-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၇၅၅,၂၀၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၅,၃၃၀,၀၃၀) တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ် ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၈၃) ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၁) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၅၃) ခု | (၂)ဦး |
| စုစုပေါင်း | (၅,၅၄၂) ခု | (၁၁)ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၂-၆-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့် အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၇၅၅,၂၀၃ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၃၃၀,၀၃၀ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၄၄၃၃၉၈ | ၈၄၁၅၃၃၇၉ | ၁၀၃၉၇၇၁ |
| ၂။ | အိန္ဒိယ | ၄၃၃၄၇၅၉၇ | ၄၂၇၃၆၀၂၇ | ၅၂၄၉၄၁ |
| ၃။ | ဘရာဇီး | ၃၁၈၉၄၅၀၅ | ၃၀၅၃၂၈၆၈ | ၆၆၉၆၁၂ |
| ၄။ | ပြင်သစ် | ၃၀၃၅၄၅၉၉ | ၂၉၄၂၁၅၃၄ | ၁၄၉၂၂၈ |
| ၅။ | ဂျာမနီ | ၂၇၄၅၄၂၂၅ | ၂၆၃၄၀၂၀၀ | ၁၄၀၄၆၂ |
| ၆။ | ဗြိတိန် | ၂၂၅၅၈၀၈၅ | ၂၂၀၉၇၉၁၇ | ၁၇၉၇၈၃ |
| ၇။ | ရုရှား | ၁၈၄၀၉၆၅၁ | ၁၇၈၃၆၁၂၁ | ၃၈၀၇၁၁ |
| ၈။ | တောင်ကိုရီးယား | ၁၈၃၀၅၇၈၃ | ၁၈၁၃၉၂၁၂ | ၂၄၄၈၈ |
| ၉။ | အီတလီ | ၁၈၀၁၄၂၀၂ | ၁၇၂၂၁၂၉၇ | ၁၆၇၈၉၂ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၀၅၉၅ | ၉၆၂၇၉၂၄ | ၄၃၀၈၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၇၄၈၂၅ | ၅၉၀၅၉၇၁ | ၁၅၆၇၀၆ |
| ၃။ | မလေးရှား | ၄၅၄၇၀၅၁ | ၄၄၈၄၂၈၄ | ၃၅၇၄၁ |
| ၄။ | ထိုင်း | ၄၅၀၇၂၂၈ | ၄၄၅၅၀၃၅ | ၃၀၅၄၆ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၇၇၉၃ | ၃၆၃၂၁၉၆ | ၆၀၄၈၄ |
| ၆။ | စင်ကာပူ | ၁၃၈၃၉၅၂ | ၁၂၉၅၆၀၅ | ၁၄၀၅ |
| ၇။ | မြန်မာ | ၆၁၃၅၃၂ | ၅၉၂၅၁၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၂၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၈၅၂၄ | ၁၅၃၈၈၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး လျက်ရှိ

နေပြည်တော် ဇွန် ၂၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုမ္ပဏီလေးခုမှ Salbutamol Sul-Phate အခု ၁၀၀၊ Invokana Tablet အခု ၁၀၅၀၊ Lacolep Tablet ၃၂၇၄ ခု၊ Zopent Tablet အခု ၁၁၀၀၀၊ Esoz Tablet ၂၉၃၀၊ Telma 20 Tablet ၆၆၉၆ ခု၊ Flusort Nasal Spray အခု ၅၄၀၀၊ Supirocin Ointment ၈၃၁၂ ခု၊ Gazore Injection အခု ၂၀၊ ရန်ကုန် ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၁၈ မျိုး စုစုပေါင်း ၉၃၀၅၅ ဒသမ ၆၅ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၇ သန်းကျော်ရှိလာ



**အဒစ်အဘာဘာ ဇွန် ၂၃**

အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၇၄၈၂၃၇ ဦးအထိ မြင့်တက်လာကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ ပြောကြားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၅၃၈၆၈ ဦးရှိသည်။ သို့သော် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၁၁၂၀၇၇၀ ရှိပြီဖြစ်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့သည် ဒေသတွင်း၌ ရောဂါကူးစက်မှု အများဆုံးတွေ့ရှိရသည့် နိုင်ငံများဖြစ်သည်။

တောင်အာဖရိကနိုင်ငံသည် ရောဂါကူးစက်ခံရသူ ၃၉၈၇၉၇၉ ဦးဖြင့် ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး မော်ရိုကိုနိုင်ငံ၌ ၁၁၉၂၇၉၇ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကဒေသသည် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၄၉၇ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၂၃**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၉၇ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈၃၀၅၇၈၃ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ပြီးခဲ့သည့် ၁၄ ရက်အတွင်းနေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သောင်းအောက် လျော့နည်းခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၆၁ ဦးရှိသည်။ နိုင်ငံအတွင်းပြည်ပမှ ရောက်ရှိလာသူ ၃၄၂၁၅ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၄၈၈ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# အာဖဂန်ငလျင်ကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိလာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ကဘူးလ် ဇွန် ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ ယမန်နေ့က ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသူအရေအတွက် ၁၀၀၀ ကျော်အထိမြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၆၀၀ ကျော်ရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ကယ်ဆယ်ရေး လုပ်သားများက ငလျင်ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းအခြေအနေဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးလျက်ရှိသည်။

ငလျင်ကြောင့် ပျက်စီးသွားသည့် လူနေအိမ်အများစုသည် ရွှံ့အုတ်များဖြင့် တည်ဆောက်ထားပြီး ဒေသခံအများအပြားသည် နေအိမ်အပျက်အစီးများအောက်တွင် ပိတ်မိလျက်ရှိကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။

ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းသို့ ယမန်နေ့က ဦးတည်လှုပ်ခတ်သွားခဲ့သည်။

ကဘူးလ်မြို့အခြေစိုက် ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်က ဂျုံတန်ချိန် ၁၃၀ ခန့်ကို ငလျင်ဘေးသင့်ပြည်သူများ




အား ယနေ့ သွားရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် ပါကစ္စတန်အစိုးရက ရွက်ဖျင်တဲများ၊ ဆေးဝါးများအပါအဝင် အခြားသော အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ကုန်တင်ကားကြီးများဖြင့် သယ်ဆောင်ကာ ငလျင်ဘေးသင့်ပြည်သူများထံသို့ ပေးပို့လျက်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံကို တာလီဘန်တို့ အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံအများအပြားသည် ၎င်းတို့၏သံရုံးများကို ပိတ်သိမ်းခဲ့သည့်အပြင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ၎င်းတို့၏ လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် အရေးပေါ်လိုအပ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန် နိုင်ငံတကာ၏ကြိုးပမ်းမှုမှာ အဟန့်အတားများ ဖြစ်လျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၀ ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇွန် ၂၃**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံသူ ၇၄၀ ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မြို့တော်ဟနွိုင်းသည်ကိုဗစ်-၁၉ ရောဂါကူးစက်မှုအချက်အချာနေရာဖြစ်ပြီး ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၄ ဦးရှိကာနိုင်ငံ မြောက်ပိုင်း ဗာနန်းပြည်နယ်တွင် ၅၄ ဦးနှင့် အလယ်ပိုင်း ငါအန်းပြည်နယ်တွင် ၅၁ ဦး အသီးသီးတွေ့ရှိခဲ့သည်။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၀၇၄၀၅၉၅ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၄၃၀၈၄ ဦးရှိကာ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၆၂၇၉၂၄ ဦးရှိသည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၂၇ ဒသမ ၈ သန်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃၁၃ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၂၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃၁၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၃၃၄၄၉၅၈ ဦးရှိပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူအများစုမှာ ကီရာလာ၊ မဟာရတ်စ်ထရာနှင့် ဒေလီမြို့တို့မှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရ



ကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၈ ဦးသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၉၄၁ ဦး အထိရှိလာပြီဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အကြာက သေဆုံးသူ လေးဦးသာရှိခဲ့ရာမှ လွန်ခဲ့သောရက်အနည်းငယ်အတွင်း သေဆုံးသူအရေအတွက် သိသိသာသာ မြင့်တက်လာသည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၂ ဒသမ ၇၃ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်းကူးစက်မှုနှုန်းမှာ ၂ ဒသမ ၄၇ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၈၃၉၉၀ ရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၉၇၂ ဦး ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၂၇၃၆၀၂၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

❋ ကျောဖုံးမှ
လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်သည်ဟု အကြောင်းပြ၍ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း Drone များအသုံးပြု၍ လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခြင်းများအထိပါ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိကြသည်။

ထို့သို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ Drone ဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဇွန် ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာ၌ အပြစ်မဲ့ ငါးလသားအရွယ် အမြွှာကလေးငယ် တစ်ဦးနှင့် အသက် ၆၇ နှစ်အရွယ် အမျိုးသမီး တစ်ဦးတို့ သေဆုံးခဲ့ပြီး ကျန်အမြွှာကလေးငယ် တစ်ဦးနှင့် မိသားစုဝင် သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာ၌ ရိုးသားစွာ လက်သမားလုပ်ငန်းလုပ်ကိုင်သည့် ဦးစိန်မောင်(ဘ)ဦးပြုံးနှင့် မိသားစုဝင်များသည် နေအိမ်၌ရှိနေစဉ် ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်ဗုံးများကို Drone ၌ ချိတ်ဆွဲ၍ ၎င်းတို့၏ နေအိမ်ပေါ်သို့ ဆင်ခြင်တုံတရားမဲ့စွာ အကြောင်းမဲ့ ဖြုတ်ချခဲ့ရာ နေအိမ်ရှေ့သို့ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် ဒေါ်စောနွယ် ၆၇ နှစ်(ဘ) ဦးရေချမ်းနှင့် ငါးလသားအရွယ် အမြွှာကလေးငယ် ယောကျ်ားလေး တစ်ဦးတို့တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ကျန်အမြွှာကလေးငယ်တစ်ဦးနှင့် မိသားစုဝင် သုံးဦးတို့တွင်လည်း ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် မြိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့သော်လည်း ဒေါ်စောနွယ်နှင့် ငါးလသားအရွယ် အမြွှာကလေးတစ်ဦးတို့သည် ရရှိဒဏ်ရာများဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော အရပ်ဘက် နေအိမ်အဆောက်အအုံများ၊ အရပ်သားပြည်သူများအပေါ် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား ပြည်သူလူထု တစ်ရပ်လုံးမှ ရှုံ့ချစက်ဆုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone ဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။


သေဆုံးခဲ့သည့် ငါးလသား အရွယ် ကလေးငယ်၏ မှတ်တမ်း ဓာတ်ပုံ။


ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေအိမ်မှတ်တမ်းဓာတ်ပုံ။



## အင်္ဂပူမြို့နယ်တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနား ကျင်းပ

**အင်္ဂပူ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့ နေ့လယ်ပိုင်းက နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်တရားသူကြီး နန်းဇင်မင်းထက်က ယခုလာမည့် ဇူလိုင် ၁ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တရားစီရင်ရေးနှင့်ပတ်သက် ၍ သိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးတရားလွှတ်တော်ညှိနှိုင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုထက်က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

မှုခင်းများတွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းရန်၊ မှုခင်းများကိုအချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန်၊ အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့်မှုခင်းများ လျှော့ချရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်တရားသူကြီး နန်းဇင်မင်းထက်ထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျင်းပ

**တိုက်ကြီး ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲတို့ကို ယနေ့ နံနက် ၁၀ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း (တိုက်ကြီး) အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဦးက မူးယစ်ဆေးဝါးဆိုးကျိုးများနှင့် အရေးယူပုံအဆင့်ဆင့်ကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က "မူးယစ်အန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ် တားဆီးစို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်စိန်နှင့် အထက်တန်းပြဆရာမ ဒေါ်အိအိဖြိုးဝင်းတို့က မူးယစ်ဆေးဝါးပေါ်ပေါက်လာပုံနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိနှင့် ဝန်ထမ်းများက အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## နမ့်ခမ်းမြို့၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့တွင် ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အမှတ်(၁)မန့်ခမ်းရပ်ကွက်တွင် မူဆယ်မှ နမ့်ခမ်းသို့ ခါးအောင်မောင်းနှင်လာသော TOYOTA HILUX REVO ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၂ ဒသမ ၂၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ကွတ်ခိုင်မြို့နယ်မှ နမ့်ခမ်းမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။


ခါးအောင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## တောင်ငူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ငူ ဇွန် ၂၃**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျုံးပတ်လမ်း၌ ယမန်နေ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ထိုသို့ကျင်းပရာ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက ပိတောက်၊ တမလန်း၊ ပန်းတမာ၊ စိန်ပန်းပြာ၊ ခရေ၊ မဲဇလီ၊ မဟော်ဂနီ၊ ပျဉ်းမ အစရှိသည့် အရိပ်ရသစ်မျိုး ၁၁ မျိုး၊ အပင် ၃၃၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

တောင်ငူမြို့၌ မိုးရာသီကာလအတွင်း ပျိုးပင်များစိုက်ပျိုးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာန၏ ကန်ရိုးအမြဲတမ်းပျိုးဥယျာဉ်တွင် လူထုဖြန့်ပျိုးပင်ပေါင်း ၇၅၀၀၀ စိုက်ပျိုးထားရှိပြီး အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

❖

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်း အားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည် ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေး အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက် နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

နေပြည်တော် ဇွန် ၂၃

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်း စားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ မိဘများ အား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက် များဖြင့် ပညာသင်ကြားမှုကိုအဟန့်အတားဖြစ်စေသည့် ဆန့်ကျင် ခြိမ်းခြောက်စာများကို စာသင်ကျောင်းအချို့၌ ရေးသားချိတ်ဆွဲ၍ ခြိမ်း ခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ သာမိုင်း ခမ်းကျေးရွာ မူလွန်ကျောင်း Grade-4 စာသင်ခန်းအတွင်းနံရံထောင့်၌ အကြမ်းဖက်သမားများက ခြိမ်းခြောက်စာတစ်စောင်နှင့်အတူ Keypad ဖုန်းဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းတစ်လုံး လာရောက်ချထား သည်ကို တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး လက်လုပ်မိုင်းအား စနစ်တကျ ရှင်းလင်းခဲ့ ကြောင်း သိရသည်။

အလားတူ ဇွန် ၂၂ ရက် နံနက် ၈ နာရီခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာရှိ အခြေခံပညာ အလယ် တန်းကျောင်း၌လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လေးပင်ကျေးရွာရှိ အခြေခံ ပညာအထက်တန်းကျောင်းခွဲ၌လည်းကောင်း၊ အမရပူရမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိမြစ်ငယ် အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး သရက် မြို့နယ် သဲဖြူကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်းခွဲ၌ လည်းကောင်း PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းတက် ရောက်မှုကို ခြိမ်းခြောက်သည့် ခြိမ်းခြောက်စာများ လာရောက်ချိတ်ဆွဲ ထားကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်မှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများ အား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြား ခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ် ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သရက်မြို့နယ် သဲဖြူအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ အကြမ်းဖက်သမားများ ချိတ်ဆွဲထားသည့် ခြိမ်းခြောက်စာ မှတ်တမ်းဓာတ်ပုံ။





သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခြံစည်းရိုး၌ အကြမ်းဖက်သမားများ ချိတ်ဆွဲထားသည့် ခြိမ်းခြောက်စာ မှတ်တမ်းဓာတ်ပုံ။





ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးနှင့် ခြိမ်းခြောက်စာတစ်စောင် လာရောက်ချထားမှု မှတ်တမ်း ဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်း ဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ သရက်တောရပ်ကွက်နေသူများဖြစ်သည့် မျိုးသက်နိုင်(၂၅)နှစ်နှင့် သိမ့်အိအိဖြူ (၂၄)နှစ်တို့ နှစ်ဦးသည် ၎င်းတို့ အသုံးပြုသည့် "Myo Thet Naing" Facebook အကောင့် နှင့် "Ei Ei Phyu" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တုတ်ကိုင်း ကျေးရွာနေ အောင်လင်းကို (ခ) အုန်းစိန် (၂၀)နှစ်သည် ၎င်းအသုံးပြုသည့် "Aung Linn Ko" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ် မင်းတဲအီကင်းရပ်ကွက်နေ သန့်ဇင်အောင် (၂၈)နှစ်သည် ၎င်းအသုံးပြုသည့် "Thant Zin Aung (ခ) ကွေ့ကွေ့" Facebook အကောင့်၊ မဟာအောင်မြေမြို့နယ် ၃၆ လမ်းနေ စန်းစန်းမြင့် (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် "Ah Yoon" Facebook အကောင့်၊ နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာနေ အေးသန္တာ (၃၃)နှစ်သည် ၎င်းအသုံးပြုသည့် "Aye Thander" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဘိုသာညိုရိုးကျေးရွာနေ စသက်ခိုင်ဦး (၂၇)နှစ်သည် ၎င်းအသုံးပြုသည့် "Sa Thet Khaing Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၁၅ | ၂၂၃၅ | ၂၂၂၀ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၀၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၀ | ၂၇၇၅ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၇၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၅ | ၂၆၉၅ | ၂၉၁၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၄၀ |
| 95 Ron | ၂၁၆၂ | ၂၂၃၉ |
| HSD (500 ppm) | ၂၄၉၄ | ၂၅၇၄ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

### ❂ မန္တလေးဆိပ်ကမ်းမှ

“ဧရာဝတီမြစ်အထက်ပိုင်းစခန်းတွေရဲ့ ပြီးခဲ့တဲ့ ၂၄ နာရီ မြစ်ရေတိုင်းထွာချက်များအရ မြစ်ကြီးနားမှာ နှစ်ပေကျော်၊ ဗန်းမော်မှာ ပေဝက်ခန့်ကျဆင်းခဲ့ပြီး ရွှေကူမြို့မှာ စိုးရိမ်ရေမှတ်အောက် ပြန်ကျသွားတယ်။ ကသာနဲ့သပိတ်ကျင်းမှာ မြစ်ရေအနည်းငယ်တက်နေတယ်။ လာမယ့်ဇွန်လတတိယ ၁၀ ရက်ပတ် မြစ်ရေခန့်မှန်းချက်အရ သပိတ်ကျင်း၊ မန္တလေးနဲ့ညောင်ဦးတို့မှာ နှစ်ပေကနေ လေးပေခန့် မြင့်တက်လာနိုင်တယ်”ဟု ၎င်းကပြောသည်။

မြစ်ကြီးနားနှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုဖြစ်စဉ်များမှ ဧရာဝတီမြစ်ရေသည် အောက်ဘက်သို့စီးဆင်းလာရာ ဆိပ်ကမ်းများ၌ မြစ်ရေမြင့်တက်လာကြောင်း၊ ဇွန်၂၂ ရက် နံနက်ပိုင်း မြစ်ရေတိုင်းထွာချက်များအရ သပိတ်ကျင်းဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ်အောက် ၃ ဒသမ ၆၄ ပေနှင့် မန္တလေးဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ်အောက် ၅ ဒသမ ၄၄ ပေတွင် ရောက်ရှိနေကြောင်း သိရသည်။

“ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့အတိုင်း မြစ်ရေကအတက်ဘက်မှာရှိနေမှာပဲ။ စိုးရိမ်ရေမှတ်ရောက်တာနဲ့ သတိထားရမှာပါ။ တာရိုးတွေမြှင့်ပေးပြီး လမ်းတွေဖောက်ထားတော့ မြို့ထဲရေလွှမ်းတာမျိုး မရှိနိုင်ပေမယ့် ရပ်ကွက်တွေထဲ ရေဝင်ရေလွှမ်းတာက နှစ်တိုင်းလိုဖြစ်နေတယ်”ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

မန္တလေးဆိပ်ကမ်း၏ စိုးရိမ်ရေမှတ်သည် ၁၂၆၀ စင်တီမီတာဖြစ်ပြီး မြစ်ရေတိုင်းထွာချက်များအရ ဇွန် ၁၆ ရက်တွင် ၉၂၉ စင်တီမီတာ၊ ၁၇ ရက်တွင် ၉၅၆ စင်တီမီတာ၊ ၁၈ ရက်တွင် ၉၇၇ စင်တီမီတာ၊ ၁၉ ရက်တွင် ၁၀၀၁ စင်တီမီတာ၊ ၂၀ ရက်တွင် ၁၀၃၂ စင်တီမီတာ၊ ၂၁ ရက်တွင် ၁၀၅၉ စင်တီမီတာနှင့် ၂၂ ရက်တွင် ၁၁၀၂ စင်တီမီတာ၊၂၃ ရက် နံနက် ၆နာရီခွဲတွင် ၁၁၃၃ စင်တီမီတာသို့ရောက်ရှိနေကြောင်း သိရသည်။

**မောင်အေးချမ်း**

### ❍ MNL အမှတ်ပေးပြိုင်ပွဲမှ

လက်ရွေးစင်အဆင့် ကစားသမားအများစုမှာ ပြည်ပထွက်ကစားနေခြင်းနှင့် ပြည်ပကလပ်များတွင် ကစားခွင့်ရရန် ကြိုးပမ်းနေခြင်းတို့ကြောင့် လာမည့် MNL ပြိုင်ပွဲတွင် မျက်နှာသစ်ကစားသမားများ၊ လူငယ်ကစားသမားများစွာ တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် လာမည့် MNL ပြိုင်ပွဲမှာ ပြည်တွင်းကစားသမားများ အားပြိုင်မည့်ပြိုင်ပွဲကို တွေ့မြင်ရမည်ဖြစ်သည်။

MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၀ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ် ဗိုလ်စွဲထားသည်။

**ကိုညီလေး**

## မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်ပရိဝုဏ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်



ဝရဓာတုစေတီယစွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မရမ်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်နှင့် အဖွဲ့ဝင်များ၊ အလုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်ကျော်နှင့် ဝန်ထမ်းများ၊ စွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များဖြင့် ဘုရားပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် မည်စည်၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ ငုရွှေဝါ၊ စိန်ပန်း၊ မဟော်ဂနီ၊ ပျဉ်းမ အစရှိသည့် အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်း ၃၀၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့နယ်၌ တိရစ္ဆာန်အစာ နေဗီယာမြက် သရုပ်ပြစိုက်ပျိုး

တောင်ငူ ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ယမန်နေ့က ဒိုးအင်းအုပ်စု ကုက္ကိုလ်ပေါက်ကျေးရွာနေ တောင်သူဒေါ်နွယ်နီကျော်အေး၏ ယာမြေတစ်ဧကတွင် တိရစ္ဆာန်အစာပင် နေဗီယာမြက် သရုပ်ပြစိုက်ပျိုးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။



တိရစ္ဆာန်အစာ နေဗီယာမြက် စိုက်ပျိုးခြင်းအားဖြင့် တိရစ္ဆာန်များကို လွတ်ကျောင်းသောစနစ်မှ အစာကျွေးစနစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသည့်အစာအဖြစ် ကျွေးမွေးရန်၊ ပြည်တွင်းကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်ရေးနှင့် နေဗီယာမြက်ကို နွားစာအဖြစ် ကျွေးမွေးပါက လိုအပ်သော အာဟာရဓာတ်ပမာဏများ ပြည့်ဝစေရန်ရည်ရွယ်၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသို့လည်း နေဗီယာမြက် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်တင်အေးက ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မျိုးထွန်းသိန်းသည်လည်း စကားမပြောဖြစ်ပြန်။ ထိုအခါ သူတို့အပါးမှာ တိတ်ဆိတ်ခြင်း လွှမ်းမိုးလာသည်။ သစ်ရွက်လေတိုးသံနှင့် လှိုင်းကြက်ခွပ်သံတို့သည် ပေါ်ထွက်လာပြန်လေသည်။

"ကိုမျိုး"

အတော်ချည်းကြာလျှင် နန်းကိန္နရီခေါ်သည်။

မျိုးထွန်းသိန်း သူဘက်သို့ လှမ်းကြည့်သည်။

ကားမီးရောင်ဖြင့်တစ်ယောက်မျက်နှာတစ်ယောက် မြင်ရသည်။ သူ၏မျက်ဝန်းတွင် မျက်ရည်ကြည်ရစ်ဝဲလျက်ရှိကြောင်း မျိုးထွန်းသိန်း အံ့အားသင့်စွာ တွေ့ရသည်။

နန်းကိန္နရီ၏လက်တစ်ဖက်သည် မျိုးထွန်းသိန်း၏လက်ဖမိုးပေါ်သို့ ကျရောက်လာသည်။ တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လိုက်သည်။

"ကိုမျိုးရဲ့စကားတွေကို အရီ ယုံချင်တယ်။ ကိုမျိုးကိုလည်း ယုံချင်တယ်။ အရီ့မှာ ဝန်ခံစရာတစ်ခုရှိတယ်။ ဘာလဲဆိုတော့ ကိုမျိုးကို အရီမြင်ကတည်းက ချစ်မိတာပါပဲ။ ဒါကို ဟန်ဆောင်ဖို့ တောင်သတိမရနိုင်ခဲ့ဘူး။ မေ့ခဲ့တယ်။ အရီရင်မောတယ်ဆိုတာ တကယ်ပြောတာပါကိုမျိုး။ အရီ သိပ်အားငယ်မိတယ် ကိုမျိုးရယ်။ သိပ်ကို အားငယ်မိတယ်။ ကိုမျိုးကို အားကိုးချင်တယ်။ အရီ့မှာ တွယ်တာစရာဆိုလို့ လောကမှာ ကိုမျိုးတစ်ယောက်ပဲရှိတယ်လို့ထင်တယ်။ ပင်းဘုရားပွဲတုန်းက လူတွေအကြားကနေ ကိုမျိုး အရီ့ကို ကယ်တင်ခဲ့ဖူးတယ်။ ဒီကတည်းက ကိုမျိုးရဲ့လက်ဟာ ပူနွေးတယ်။ သိမ်မွေ့တယ်။ ကြင်နာမှုပြည့်ဝတယ်ဆိုတာ အရီသိပါတယ်။ တကယ်လို့ အရီ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ကိုမျိုးရဲ့ ကြင်နာတတ်တဲ့လက်ကလေးတွေနဲ့ ဖေးကူလှည့်ပါကိုမျိုးရယ်။ ကယ်တင်လှည့်ပါ၊ အရီ့ကိုပစ်မထားပါနဲ့ ဥပေက္ခာလုပ်မထားပါနဲ့ အရီ့ကို သနားပါ။ ညှာပါ။ ကြင်နာပါနော် ကိုမျိုး"

မျိုးထွန်းသိန်းသည် နန်းကိန္နရီ၏ လက်ကို ပြန်လည်ဆုပ်ကိုင်ထားမိသည်။ သူ၏လက်ဖဝါးကလေးမှာ အေးစက်နေကြောင်း တွေ့ရသည်။

သူ၏မျက်နှာနှင့် နန်းကိန္နရီ၏မျက်နှာတို့ နီးကပ်နေသည်။ ထွက်သက်လေသည် သူ့ပါးပြင်ကို တိုးဝှေ့သွားသည်။ ရှပ်တိုက်သွားသည်။ သူ၏မျက်နှာမှ မိတ်ကပ်နံ့နှင့် နှုတ်ခမ်းနီနံ့ကို ခံစားရှူရှိုက်နေရသည်။

မျိုးထွန်းသိန်းသည် နန်းကိန္နရီ၏စကားများကို မယုံချင်လှ။ စင်စစ်တွင်လည်း သူနှင့်ဆက်ဆံလာခဲ့သမျှကာလပတ်လုံး သည်စကားမျိုး မကြားရဖူးဖြစ်သည်။ ကြားရလိမ့်မည်ဟုလည်း မည်သည့်အခါမျှ မျှော်လင့်ခဲ့သည်မဟုတ်။ သို့ပေမဲ့ နန်းကိန္နရီခံစားရချက်နှင့် ပြောနေခြင်းဖြစ်ကြောင်း လှိုက်လှဲသောအသံအရ သိသာသည်။ သူ့ထံမှ မောပန်းမှုသည် မိမိထံ ကူးစက်လာသည်ဟုလည်း ထင်မိသေးသည်။ သူ့နည်းတူ လှိုက်မောလာသည်ဟု တွေးမိသေးသည်။

သူသည် နန်းကိန္နရီအား ရင်ခွင်၌ ထွေးပိုက်ထားလိုက်ချင်သည်။ နားအနီးမှာကပ်လျက် လေသံမျှသောအသံဖြင့် နှစ်သိမ့်စကားတွေ ဆိုချင်သေးသည်။ ဘဝဆိုတာ နက်ရှိုင်းမှောင်မိုက်လှသော ကန့်လန့်ကာ အလွှမ်းခံရသည့်ဘဝမျိုးလည်း ရှိတတ်သည်။ နံနက်ခင်း၏ ဝင်းမှည့်တောက်ပသော နေရောင်ခြည် ကျရောက်လာချိန်လည်း ရှိတတ်သည်ဟူသော ကဗျာတို ကဗျာစကလေးများကိုလည်း ရွတ်ပြချင်သေးသည်။

ကြင်နာသောလက်ဖြင့် ထာဝရထွေးဖက်လိုသည့် အကြောင်းကိုလည်း ကြေညာချင်ပါသည်။

သို့တိုင်အောင် သူသည် အလိုလို စိုးရွံ့သလိုရှိနေသည်။ လက်ဖမိုးကလေးကို ဆုပ်ကိုင်ထားမိသည့်အတွက် ပြစ်မှုတစ်စုံတစ်ခု ကျူးလွန်မိသလို ခံစားရသည်။ ရင်မှာလည်း ခုန်ရလွန်းပါဘိ။

သည်တွင် သူ့ဦးနှောက်အတွင်း အတွေးတစ်ရပ် ဝင်လာသည်။ စင်စစ် အချစ်ဟူသည် ရင်ခုန်ရခြင်းပင် မဟုတ်ပါလား။ အခြားသော မိန်းကလေးများနှင့် ဆုံရစဉ်တွင် သူ၏ရင်သည် ကျောက်ခဲတစ်လုံးလို ငြိမ်သက်နေခဲ့သည်အမှန်ပင်။ နန်းကိန္နရီနှင့်ကျခါမှ ရင်ခုန်ရသည်။ သည်တော့လည်း သူ့ကိုယ်သူ နန်းကိန္နရီအား တကယ်တမ်း နှစ်နှစ်ကာကာ ချစ်မြတ်နိုးမိသည့်အဖြစ်ကို မျိုးထွန်းသိန်း ပိုမိုစိတ်ချ ယုံကြည်လာခဲ့မိလေသည်။

"ဒီကနေ့ အရီ ကိုမျိုးနဲ့တွေ့ချင်တာ ဒါတွေပြောချင်လို့ပဲ။ ပြောခွင့်ရလို့လည်း ဝမ်းသာပါတယ်"

နန်းကိန္နရီ လက်ကို ပြန်လည်ရုပ်သိမ်းရင်း ဆိုသည်။

တစ်ဆက်တည်းမှာပင် " ပြန်ကြပါစို့နော် " ဟု မပွင့်တပွင့် ပြောလိုက်သည်။

"နေပါဦးလားဟင်၊ စောပါသေးတယ်"

မျိုးထွန်းသိန်း တားမိသေးသည်။

"ပြန်မှဖြစ်မယ်ကိုမျိုး။ အိမ်ကို စာကူးဖို့ အကြောင်းပြပြီး ထွက်ခဲ့ရတာ။ ဒီရက်တွေထဲမှာ ညာရပေါင်းများလှပြီ။ နောက်မှပဲ ဒီထက်ကြာကြာ တွေ့ကြရအောင်ပါ"

မျိုးထွန်းသိန်း မတားဆီးမိတော့။

အခါတိုင်းလိုပင် နန်းကိန္နရီသည် မျိုးထွန်းသိန်းကို ထားခဲ့ကာ ကားပေါ်သို့တက်သည်။ သည်တစ်ကြိမ်တွင်မူ အခါတိုင်းကထက် ထူးခြားသောစကားဆိုသည်။

"အရီပြန်မယ်နော်" နှုတ်ဆက်စကားဆိုသည်။ တစ်ဆက်တည်းမှာပင် "တကယ်လို့များ ကိုမျိုးကို အခုလိုနှုတ်မဆက်နိုင်ဘဲ ထွက်သွားရတဲ့အဖြစ်မျိုး ပေါ်ပေါက်ခဲ့ရင် အရီ့ကို ခွင့်လွှတ်ပါနော်" ဟု တောင်းပန်သည်။

နန်းကိန္နရီသည် မျိုးထွန်းသိန်း စကားပြန်အပြောကို မစောင့်။ ကားကိုမောင်းထွက်သွားသည်။

မျိုးထွန်းသိန်းသည် နန်းကိန္နရီကို နားမလည်နိုင်သလို ငေးကြည့်ရင်း ကျန်ခဲ့ရသည်။

သူ့ရင်မှာ အလိုလိုမောလာသည်ဟု ထင်မိပြန်သည်။

ဘယ်လိုများပါလိမ့်ကွယ်။ ပဟေဠိဆန်လှတဲ့ မိန်းကလေးရယ်။

သူသည် ခပ်တိုးတိုး ညည်းညူခြင်းကိုလည်း ပြုလိုက်မိလေသည်။

x x x x x

**အပိုင်း ရှစ်**

**[ ၁ ]**

ဒေါ်ရေနံ့သာခင်ခင်ကြီးအနေနှင့် နန်းကိန္နရီအပေါ် အကဲမရသည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ နန်းကိန္နရီကို လွတ်လွတ်လပ်လပ်နေခွင့်ပေးထားခြင်းနှင့်စပ်လျဉ်း၍ သင့်၏မသင့်၏ မကြာခဏ စဉ်းစားမိသည်။

စင်စစ်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ၏ငယ်စဉ်က အဖြစ်အပျက်များအပေါ် မူတည်ကာ နန်းကိန္နရီအား လွတ်လပ်ခွင့် ပေးထားခြင်းဖြစ်သည်။ ချုပ်ချယ်ရန် ဝန်လေးနေမိခြင်းဖြစ်သည်။

သူငယ်စဉ်က ပြင်ပလေနှင့် အထိအတွေ့ရနည်းသည်။ မိတ်ဆွေအပေါင်းအသင်း ရှားပါးလှသည်။ အစဉ်လို ချုပ်ချယ်ခြင်း ခံရသည်။ ထို့ကြောင့်လည်း ပြင်ပဗဟုသုတနည်းပါးကာ မမှားသင့်သော အမှားကို မှားခဲ့သည်ဟု ထင်သည်။ တစ်ဖက်သား၏ ဖြားယောင်မှုကို ခံခဲ့ရသည် မှတ်ယူသည်။

အချုပ်ချယ်ခံရလွန်းသဖြင့် လွတ်လပ်ခွင့်ရှာသည်။ တစ်ကြိမ်လွတ်လပ်မှုရသည်နှင့်တစ်ပြိုင်နက် တစ်ကြိမ်ပင် အတောင်ပံကျိုးရသောအဖြစ်နှင့် ကြုံရသည်။ ညှို့လိုက်သည့်မိန်းကလေး။ မည်သို့ပြုလျှင် ကလေးရတတ်သည်ဆိုခြင်းကိုပင် မစဉ်းစားတတ်ခဲ့။ သည်အထိ အ၍လည်း ခံခဲ့ရသည်ဟု ယခုအခါ ဒေါ်ရေနံ့သာခင်ခင်ကြီး တွေးနေမိသည်။

နန်းကိန္နရီကို လွတ်လပ်ခွင့်ပေးလိုခြင်းမှာ ထိုမိန်းကလေး၏ဘဝနှင့် စပ်လျဉ်း၍လည်း ဖြစ်သည်။ နန်းကိန္နရီသည် သူ့ဘဝကို သူဘာသာရပ်တည်ခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သည်။ သူ့ကိုယ်သူ ထိန်းနိုင်မည့်အရိပ်အယောင်ကို တွေ့ရသည်။ အသက်အရွယ်ကလည်း စဉ်းစားချင့်ချိန်နိုင်သော အရွယ်မျိုး။ အငြိမ့်လောကမှ ထွက်လာသည်ဆိုတော့လည်း ဘဝအကြောင်းကို နက်ရှိုင်းစွာ သဘောပေါက်နိုင်လိမ့်မည်ထင်သည်။

ယခုအခါ မိမိ၏သဘောထားများကို စဉ်းစားသင့်လာပြီဟု ဒေါ်ရေနံ့သာခင်ခင်ကြီး ထင်သည်။ လွတ်လပ်ခွင့်ဟူသည် ပေးတိုင်းလည်း မမှန်တတ်။ ထိုလွတ်လပ်ခွင့်ကို အကြောင်းပြုကာ စိတ်လေခြင်း အရိပ်အယောင်များကို နန်းကိန္နရီ၌ တွေ့လာရသည်။

အပြင်သို့သွားလာခဲသော ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အိမ်၌ နန်းကိန္နရီ အနေနည်းသောအဖြစ်ကို တွေ့ရ သည်။ အချိန်နှင့်အမျှ နန်းကိန္နရီ အိမ်အပြင်သို့ရောက်နေသည်။ ကားကလေးတစ်စီးနှင့် ဥဒဟို ထွက်ခွာသွားတတ်သည်။ ရံခါတွင် အတော်ချည်း ညဥ့်နက်မှ အိမ်သို့ ပြန်လာတတ်သည်။ သူနှင့်ပတ်သက်သော တယ်လီဖုန်း မကြာခဏလာတတ်သည်ကိုလည်း တွေ့ရသည်။

ယခုတလော သူတို့နှစ်ယောက် မျက်နှာချင်းမဆိုင်မိသည်မှာ ကြာပါပကော။ တစ်ခါတစ်ရံ ထမင်းဝိုင်းတွင် ဒေါ်ရေနံ့သာခင်ခင်ကြီးအထီးတည်း ရှိနေရတတ်သည်။ ပြီး နန်းကိန္နရီကိုကြည့်ရသည်မှာ ယခုတလော အကဲမရနိုင်။ ထိုမိန်းကလေးသည် မိမိနှင့် တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားလျက်ရှိကြောင်း တွေ့ရသည်။ ပြင်ပတွင် အချိန်ကုန်အောင်နေလျှင်နေ၊ မနေလျှင် အိပ်ခန်းအောင်းနေတတ်သည်။ စကားပြောဖော်မရ။ သူ့၌ စိတ်ရှုပ်ထွေးရခြင်းအသွင်သဏ္ဌာန်များ မြင်တွေ့နေရသည်။

နန်းကိန္နရီနှင့်စပ်၍ ခင်ရသော မျိုးထွန်းသိန်းကိုမူ ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်မှာ စနောင့်စနင်း မဖြစ်မိလှပေ။ ထိုကလေးကိုတော့ မြင်လျှင်မြင်ချင်းမှာပင် ခင်မင်မိသည်ဟုထင်သည်။ သူ၏ ဣန္ဒြေရသော်လည်း ဟာသပါသော စကားပြောဟန်ဆိုဟန်ကို နှစ်ခြိုက်မိသည်။ ဆရာတစ်ယောက်ဖြစ်နေသည်ဆိုခြင်းကြောင့် သူ့သိက္ခာကို ယုံကြည်သည်။

မျိုးထွန်းသိန်းအပေါ် နန်းကိန္နရီ ဆက်ဆံပုံကိုမူ မနှစ်သက်လှ။ လိုက်လျောလွန်းသည်ဟု ထင်သည်။ လိုသည်ထက်ပို၍ ရင်းနှီးမှုပြတတ်ပုံကို သဘောမကျမိ။ သို့ပေမဲ့ သူ့တွင် ယောကျ်ားကလေးမိတ်ဆွေမရှိ။ အခြား အရှုပ်အယှက်မရှိ။ သူသည် မျက်နှာများတတ်သော မိန်းကလေးအမျိုးအစားမဟုတ်သည့်အတွက် ဝမ်းသာရသေးသည်။

မျိုးထွန်းသိန်းက နန်းကိန္နရီအား သူနှင့်ခင်ဖူးသော အဲလစ်အမည်ရှိ မိန်းကလေးနှင့်တူသည်ဟူသောစကားကို ဒေါ်ရေနံ့သာခင်ခင်ကြီး စိတ်ဝင်စားမိသည်မှန်ပေမဲ့ ယုံကြည်ခြင်းရှိလှသည်ကားမဟုတ်။ မျိုးထွန်းသိန်းသည် နန်းကိန္နရီနှင့် နီးစပ်မှုရစေရန်၊ ခင်မင်မှုရစေရန် သည်စကားမျိုး ဖန်တီးပြောဆိုသည်ဟု ထင်သည်။ ထို့ကြောင့်လည်း သည်စကားစမိကြလျှင် တကယ်တမ်းပြောဆိုနေခြင်း ဟုတ်မဟုတ် စောင့်ဆိုင်းအကဲခတ်မိသော အလေ့အကျင့်ကို ရလာသည်။

မည်သို့ပင်ဆိုစေ ယခုတလော နန်းကိန္နရီ မူပျက်နေသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး သဘောမကျ မနှစ်ခြိုက်။ အစအရာရာ ပြည့်စုံစွာ ဖန်တီးပေးခဲ့သည်ဖြစ်၍ ပျော်ပျော်ရွှင်ရွှင် နေစေချင်သည်။ ရွှင်ရွှင်ပျပျ ရှိစေချင်သည်။ တစ်စုံတစ်ခုသော အခက်အခဲနှင့် ရင်ဆိုင်ရပါက တိုင်တိုင်ပင်ပင် လုပ်စေချင်သည်။ စင်စစ် လောကတွင် လက်တွဲဖော်ဟူ၍ မိမိတို့နှစ်ယောက်သာရှိသည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး ထင်မှတ်ယုံကြည်နေခဲ့မိသည်ပင်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဒေါ်ရေနံ့သာခင်ခင်ကြီးအနေနှင့် နန်းကိန္နရီအပေါ် အကဲမရသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ နန်းကိန္နရီကို လွတ်လွတ်လပ်လပ် နေခွင့်ပေးထားခြင်းနှင့်စပ်လျဉ်း၍ သင့်၏ မသင့်၏ မကြာခဏ စဉ်းစားမိသည်။ စင်စစ်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ၏ငယ်စဉ်က အဖြစ်အပျက်များအပေါ်မူတည်ကာ နန်းကိန္နရီအား လွတ်လပ်ခွင့် ပေးထားခြင်းဖြစ်သည်။ ချုပ်ချယ်ရန် ဝန်လေးနေမိခြင်းဖြစ်သည်။ သူငယ်စဉ်က ပြင်ပလေနှင့် အထိအတွေ့ရနည်းသည်။ ထို့ကြောင့် . . ."**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀–တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်(အဆင့်မြင့်)၊တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၁၀)၊ အကျယ်အဝန်း (၆၀၃၀စတုရန်းပေ)ရှိ ဦးအောင်သန်းမြင့်(၁၂/လမန(နိုင်)၀၃၆၁၃၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါနှစ်(၆၀)ဂရန်အမည်ပေါက်သူ ဦးအောင်သန်းမြင့်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဝင်းဝင်းဖြိုး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L,U.F.L(Eng;) | LL.B,D.B.L |
| အထက်တန်းရှေ့နေ(စဉ်–၃၇၈၂၄) | အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃) |
| Hein Htet San Law Firm | ဖုန်း – ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁–ခ)နှင့် (၅၁၉/က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၇၈)၊ ကလီထော်အနောက်အုပ်စု၊ ကွင်းအမှတ်(၉၇၇)တွင် တည်ရှိသော ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန်(၂)၊ မြေကွက်အမှတ်(၄၉၄)(မွေးမြူရေး)၊ (၁)ယူနစ်လျှင် ဧရိယာ(၅)ဧက၊ (၃၆၅ပေx ၅၉၇ပေ)ခန့်ရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်အမိန့်စာ ရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ BNတစ်ထပ်ခွဲတိုက်ခံနေအိမ်(၁)လုံး၊ Power မီတာ(၁)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဦးသောင်းဌေး (ISN–၅၆၄၂၁၂)[၁၂/အစန(နိုင်)၀၇၅၀၉၂]မှ မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်ကေကေနိုင်(LL.B) |
| (စဉ်–၁၁၄၀၆) | (စဉ်–၅၃၃၄၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၅၄၄–ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁–ခ)နှင့် (၅၁၉/က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၇၈)၊ ကလီထော်အနောက်အုပ်စု၊ ကွင်းအမှတ်(၉၇၇)တွင် တည်ရှိသော ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန်(၁)၊ မြေကွက်အမှတ်(အေ ၂၀–၂၁)(မွေးမြူရေး)၊ (၂)ယူနစ်လျှင် ဧရိယာ (၁၀) ဧက၊ (၇၃၀ပေx၅၉၇ပေ) ခန့်ရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်အမိန့်စာရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (BN တစ်ထပ်တိုက်ခံနေအိမ်(၁)လုံး၊ Power မီတာ(၂)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်သန်း [၁၂/အစန(နိုင်)၁၃၅၄၀၉] (ISN–၆၀၇၉၀၀)မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်ကေကေနိုင်(LL.B) |
| (စဉ်–၁၁၄၀၆) | (စဉ်–၅၃၃၄၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၅၄၄–ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁

## "စူပါမက်ဒလ် ကုမ္ပဏီလီမိတက်"
## "SUPER METAL COMPANY LIMITED"

**(၂၀၁၇) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ(၃၄၈)အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း**

သာမာန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ "SUPER METAL COMPANY LIMITED" အား (၂၇–၅–၂၀၂၂)ရက်မှစတင်၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်သင်းကြူ အမှတ်(၂၀/၂၂–ဘီ) ၊ ချယ်ရီကွန်ဒို၊ အခန်း(၈–အေ)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီရရန်နှင့် ပေးရန်ရှိသည်များကို (၂၄–၇–၂၀၂၂)ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Nyi Nyi Htet Kyaw | Daw Khin Thinn Kyu |
| Director | B.Com.,Q.C.P.A(PA–517) |
| Super Metal Co.,Ltd | Certified Public Accountant & Auditor |

## အသိပေးကြေညာချက်

ကိုရီးယား/စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV DUTA 1 V.710 သင်္ဘောသည် ၂၅–၆–၂၀၂၂ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်–

– ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမည်ပြောင်း

သန်လျင်မြို့နယ်၊ အ.ထ.က(၂)ကျောင်း Grade–4နေ ဦးမောင်မောင်မျိုး [၁၂/တတန(နိုင်)၁၃၂၈၂၉]၏သား မောင်ဘုန်းဝေစံအား မောင်ကောင်းဆက်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဆက်ဟိန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃–၆–၂၀၂၂ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ အထက်တန်းရှေ့နေ ဒေါ်အေးအေးမိုး၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မင်းရဲကျော်စွာလမ်း အစား မင်းရဲကျော်စွာ(၁)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၇–ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သည့် (၇)ထပ်တိုက်အဆောက်အဦရှိ ခေါင်းရင်းခြမ်း၊ ၅–လွှာ၊ အကျယ်အဝန်း(၂၃ပေx ၆၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသည့် ဦးဝင်းဆွေ[၁၀/မဒန(နိုင်)၀၂၃၉၅၇]နှင့်ဒေါ်စန်းစန်းညို[၁၀/မဒန(နိုင်)၀၂၉၁၇၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်ဝင်းဦး(LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၂၇)**
**အမှတ်(C–2)၊ အခန်းအမှတ်(A/110)Botahtaung Time Square အိမ်ရာ၊ ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## တစ်ဦးတည်းသော သားအရင်းဖြစ်သူ အူဒါရာကူးမား(ခ) ကျော်ဇေယျာဝင်း[၁၂/ပဇတ(ဧည့်)၀၀၀၄၆၉]အား သားအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၅၆–လမ်း(အလယ်)၊ အမှတ်(၁၅)၊ ပထမထပ်နေ ဦးမနောဟာရမ်[၁၂/ပဇတ(ဧည့်)၀၀၀၂၆၁]က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်တော်၏ တစ်ဦးတည်းသောသားအရင်းဖြစ်သူ အူဒါရာကူးမား(ခ)ကျော်ဇေယျာဝင်း[၁၂/ပဇတ(ဧည့်)၀၀၀၄၆၉]သည် ကျွန်တော်ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ကျွန်တော်မှ သားအရင်းဖြစ်သူ အူဒါရာကူးမား(ခ) ကျော်ဇေယျာဝင်းကို အမွေပြတ် အပြီးအပိုင်စွန့်လွှတ်ကြောင်း အူဒါရာကူးမား(ခ) ကျော်ဇေယျာဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

**ဦးမနောဟာရမ်[၁၂/ပဇတ(ဧည့်)၀၀၀၂၆၁]**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ROyal Sin Min Condo၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(4/A)၊ ကွန်ဒိုတိုက်ခန်းကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၃၃x၃၄ လမ်းကြား၊ ၇၃x၇၄ လမ်းကြား၊ အမှတ်(၁၉၉/၂၇)တွင် နေထိုင်သူ ဒေါ်ခင်မျိုးစု(ဘ) ဦးဘဌေး[၉/မရတ(နိုင်)၁၀၇၁၂၅]ကိုင်ဆောင်သူ အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါ မိမိပိုင်ဆိုင်သည့် ကွန်ဒိုတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၇၆)တွင် နေထိုင်သော မောင်အရင်းဖြစ်သူ ဦးကျော်ကျော်သက်(ဘ) ဦးဘဌေး [၉/မရမ(နိုင်)၀၂၄၀၈၅]အား မေတ္တာသက်သက်ဖြင့် အပိုင်ပေးအပ်လိုက်ပါသည်။

အထက်ဖော်ပြပါ မိမိပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ROyal SIn Min Condo၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(4/A)၊ ကွန်ဒိုတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ခင်မျိုးစုမှ ဦးကျော်ကျော်သက်အား အပိုင်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်မထံသို့ တရားဝင် စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအမည်ပြောင်းခြင်း လုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးစု(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၇၀)**
**အမှတ်(၁၉၉/၂၇)၊ ၃၃x၃၄လမ်းကြား**
**၇၃x၇၄ လမ်းကြား၊ ရွှေဥဒေါင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**Ph:02–21819,09–43011081, 09–798581034,09–798581041, 09–259187703**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ်
## မကွေးမြို့
## ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (MCommH) သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၃) ပညာသင်နှစ်အတွက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ဖွင့်လှစ်သင်ကြားမည့် ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (၁)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သော အရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (သို့မဟုတ်) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA)သင်တန်းတက်ရောက် အောင်မြင်ပြီး B.Sc / B.A ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး)(CHA)သင်တန်းဆင်းပြီး B.Sc/ B.A ဘွဲ့ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA) သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် ခွင့်ရက်မပါ လုပ်သက်အနည်းဆုံး (၃)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၉–၈–၂၀၂၂ ရက် (သောကြာနေ့)ဖြစ်သည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်မိတ္တူ(၁)စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အခြေခံကျန်းမာရေးကက္ကသိုလ်(မကွေး)၌ **၃၀–၉–၂၀၂၂ ရက် (သောကြာနေ့)**တွင် ကျင်းပမည်ဖြစ်သည်။

၇။ ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)ကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ မြန်မာ့စီးပွားရေးဘဏ်(မကွေး)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD–[011088)သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(မကွေး)တွင် ဖွင့်လှစ်ထားသည့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ငွေစာရင်းအမှတ် MD–(011088 ) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရမည်။

၁၁။ တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို အခြေခံကျန်းမာရေးတက္ကသိုလ် ၊ မကွေး Website မှတစ်ဆင့် ကြေညာပါမည်။

**အများဆုံးလက်ခံသင်ကြားပေးနိုင်မည့်ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ကြောင်း တစ်ပါတည်း ကြေညာအပ်ပါသည်။**

၁၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ **Website: www.uch.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ဖုန်းနံပါတ် ၀၉–၉၆၂၀၂၉၂၃၅၊ ၀၉–၂၅၆၁၄၄၃၈၆ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၀၀)နေ ဒေါ်ယဉ်နွဲ့အေး[၉/မလန(နိုင်)၀၉၂၁၉၆]၏ သားဖြစ်သူ မောင်လင်းမောင်[၁၂/ဒဂဆ(နိုင်)၀၂၂၇၂၇]ကိုင်ဆောင်ထားသူသည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များ၊ စိတ်ဆင်းရဲသောကရောက်စေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် မောင်လင်းမောင်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်လင်းမောင်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စရပ်အားလုံးသည် မိသားစုနှင့် ပတ်သက်ခြင်းမရှိကြောင်း၊ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်–ဒေါ်ယဉ်နွဲ့အေး**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြဝတီမင်းကြီးလမ်း၊ အိမ်အမှတ်-၂၃၆၀/က၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာန၊ မြို့မြေစာရင်းတွင် ဒေါ်သန်းစိန် (CE-၀၁၄၇၇၇)မှ အမည်ပေါက်လျက်ရှိပြီး၊ ၎င်းထံမှ စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ရှိန်(TTA-၀၁၄၂၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးမင်းအေး [၉/ကကရ(နိုင်)၁၃၈၂၀၁]မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး(LL.B, D.B.L, D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၃)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၂၂)တွင် တည်ရှိသော မိုးမြင့်စံကွန်ဒို(၆)လွှာ၊ အခန်း(၆-A)၊ အကျယ်အဝန်း (၂၁၂၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း၏ အရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း။**

အထက်ပါကွန်ဒိုတိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပြုံး [၁၂/ပဘတ(နိုင်)၀၁၈၅၄၆]နှင့် ဦးငြိမ်းဇော်ကို[၁၂/ပဇတ(နိုင်)၀၃၁၆၁၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆန်းထွန်းဦးက ဝယ်ယူရာ ကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အား ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထား(စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်းထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၇)လမ်း၊ အမှတ်(၄၀၂/ခ)၊ မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးဝေလွင်ကျော် [၁၂/သကတ(နိုင်)၁၇၂၉၃၄]မှ အဆိုပါမြေညီထပ်တိုက်ခန်းအပေါ် တန်ဖိုးငွေ ကျပ် ၆၀၈,၀၀,၀၀၀ - (ကျပ်ခြောက်ရာ့ ရှစ်သိန်းတိတိ)ဖြင့် ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သိန်း [၁၂/မဂတ(နိုင်)၀၁၆၇၈၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေအဖြစ် ငွေကျပ် ၃၀,၀၀,၀၀၀ (ကျပ်သိန်းသုံးဆယ်တိတိ)အား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်သော ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်သိန်း** | **ဦးအောင်မျိုးခင် (LL.B)** |
| **[၁၂/မဂတ(နိုင်)၀၁၆၇၈၈]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၈၁)** |
| | **ဖုန်း ၀၉-၂၅၄၁၉၄၉၃** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၆၉၃)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိဦးဟုတ်စိန်[၁၂/လမန(နိုင်)၀၂၀၄၃၅] အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရဲနောင်[၁၂/ဥကတ(နိုင်)၁၁၉၅၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင်** | **ဒေါ်ခင်အေးသန်း** |
| **(LL.B,D.I.L)** | **(LL.B,D.I.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၉)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန်

ကျွန်မ ရေးရှ်မားဘီ(ခ) မသီရိမြတ်ဝင်း (ဘ) ဦးတင်ဝင်း မှတ်ပုံတင်အမှတ် [၁၂/ပဇတ(နိုင်)၀၃၉၅၂၁]ကို ကိုင်ဆောင်သူသည် မိုဟမ္မဒ်ဇိုဘိုင်းရ်(မိုဒန်)(ခ)ကိုအောင်ဇင်(ခ)ကိုအောင်ကြီး၏ တရားဝင်ဇနီးဖြစ်ပြီး သား(၁)ဦး ထွန်းကားကာ ယနေ့တိုင် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် ကျွန်မနှင့် တစ်စုံတစ်ရာတွေ့ဆုံဆွေးနွေးခြင်း မရှိဘဲ တစ်ဖက်သတ် ဖသာဝါမွှသတ် ဖြေကြားချက်များ ဖြေရှင်းခြင်း မပြုပါရန် အသိပေးကြေညာအပ်ပါသည်။

**ရေးရှ်မားဘီ(ခ)မသီရိမြတ်ဝင်း**
**[၁၂/ပဇတ(နိုင်)၀၃၉၅၂၁]**
**Ph:09-975387575**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မဟာဆွေလမ်း၊ မြေကွက်အမှတ်-၂၂၇၊ မြေအမျိုးအစားနှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ ပေ(၄၀x၆၀)၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးအေးချို [၁၂/ကမရ(နိုင်)၀၄၁၅၅၆] အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်အေးအေးချိုမှ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း(LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၅၅၀၅**

## အမည်ပြောင်း

အ.မ.က (၆) ဒဂုံ/တောင် တတိယတန်းတွင် ပညာသင်ကြားနေသော ဦးမြင့်နိုင် [၁၂/ဥကမ(နိုင်)၀၃၁၉၂၁]၏ သမီး မထူးပြည့်ဖူးမောင်အား မအေးသန္တာထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မအေးသန္တာထွန်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အ.ထ.က(ဘုရားပျို) ဒသမတန်းမှ မောင်လှကျော်မြင့်၏ ဖခင်အမည်မှန်မှာ ဦးစိုးဟံ[၁၂/ခရန(နိုင်)၀၉၆၈၃၈]ဖြစ်ပါသည်။

**ဦးစိုးဟံ [၁၂/ခရန(နိုင်)၀၉၆၈၃၈]**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂျာငိုင် [၁/မကန(နိုင်) ၁၅၈၇၆၃]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၅၉၈၅၇၄၀၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလွမ်းနော [၁/မကန(နိုင်) ၂၁၆၅၄၇]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၂၅၆၃၃၅၆၃၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်းထွယ် [၁/ကမန (နိုင်)၀၃၂၃၂၉]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၂၅၆၃၃၅၆၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၆၊ မြေကွက်အမှတ်-၁၂/ဃ-၁၊ မြေကွက်တည်နေရာအမှတ် (၈/၁၀၉)၊ သုမင်္ဂလာလမ်း၊ ၈/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဒေါ်စန်းမြင့်ISN-၀၆၃၁၃၉) အမည်ပေါက် ဘီ(လ/န-၃၉)မြေအား အမည်ပေါက် ဒေါ်စန်းမြင့်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၃၉၇ (၁၂-၁၁-၂၀၀၉) ဖြင့်ရရှိသူ SP ဦးအောင်နိုင်ဦး [၁၂/သဃက (နိုင်)၁၅၄၈၆၈]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၅/၁၅၉၇/၂၂(၁၃-၅-၂၂)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေစာရင်းမှတ်ချက်ပါ (၂၀၀၉)ခုနှစ်တွင် ကူးယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံ၊ မြေရာဇဝင်သည် နှစ်ကာလကြာမြင့်ပြီဖြစ်၍ ရှာမတွေ့ပျောက်ဆုံးနေကြောင်း၊ ဘဏ်ငွေချေးယူခဲ့ခြင်းမရှိကြောင်း၊ မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ လက်ဝယ်ရှိကြောင်း ကျမ်းကျိန်လွှာ ၅/၃၀၃၁/၂၂(၂၇-၅-၂၂)ဖြင့် ရှင်းလင်းတင်ပြလာသဖြင့် အဆိုပါ လျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၃၁၂/ခ၊ အကျယ်အဝန်းဧရိယာ(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၁၂/ခ၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူများဖြစ်ကြသော ဦးသိန်းဆွေ [၁၄/ဓနဖ(နိုင်)၀၈၆၂၆၈]နှင့် ဒေါ်သန်းသန်းဦး [၁၂/ဥကတ(နိုင်)၀၄၀၁၉၆]တို့ အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူများမှ လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/က)၊ မြေကွက်အမှတ်(၂၁/ခ-၁)ဟုခေါ်တွင်သည့် ဧရိယာ(၀.၁၀၉)ဧကရှိ ဘီ လ/န၃(ခ) မြေကွက်(အရပ်ခေါ်)သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ဘဏ်ရိပ်သာလမ်း၊ အမှတ်-၁၈-ခ ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးရဲကျော်စွာ[၉/မရမ(နိုင်)၀၄၆၀၄၄]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်(LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ်(၇၃၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော(ခြေရင်း)ဘက်ခြမ်း၊ တာဝါတိုင်နှင့်ကပ်လျက်ဘက်အခြမ်း၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးမောင်နု[၁၂/သဃက(နိုင်)၀၁၄၈၁၀]အမည်ပေါက် မြေချပါမစ်(မူရင်း) ဘက်ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသူရ[၁၂/တတန(နိုင်)၁၂၇၅၀၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L, WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၃၂) ပေါ်တွင် ဆောက်လုပ်ထားသည့် (၁၂)ထပ်ရှိ Pyae Sone Chan Thar Condominium အဆောက်အအုံ၏ (၁၀)လွှာ၊ အခန်းအမှတ်(L)၊ အကျယ်အဝန်း(၉၇၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်များအားလုံးကို Golden Gate International Development Co.,Ltdထံမှ ဒေါ်အေးအေးတင်[၁၂/ပဇတ(နိုင်) ၀၀၃၂၇၃]က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်အေးအေးတင်မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင် ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ Golden Gate International Development Co.,Ltd၏အမည်ပေါက် မှတ်တမ်းတွင်လည်း ဝယ်သူအမည်ပေါက်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပါးပါးနီ(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/ကံဘဲ့)၊ မြေကွက်အမှတ် (၆၂/က)၊ ဧရိယာ(၀.၀၉၅) ဧကရှိ မြေအမျိုးအစား-မြေပိုင်မြေ-လ/န-၃(ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၆၄)ဟုခေါ်တွင်သော (၄)ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ဒေစီ အမည်ဖြင့် တည်ရှိသော မြေပိုင်မြေ (လ/န-၃(ခ) မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၁၆-၆-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကြီး (စာချုပ်အမှတ်-၄၈၉၈/၂၀၂၂)အရ ယခုရောင်းချသူက တရားဝင်ဝယ်ယူပိုင်ဆိုင်လာပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောပြဝန်ခံ၍ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄)ထပ်တိုက်အဆောက်အဦအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မင်းနိုင် LL.B,C.B.L,WIPO DL-101(GENEVA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၂၈)၊ မြေညီထပ်၊ (၄၂)လမ်း ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၀၀၃၂၂**

## ရန်ကုန်မြို့၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ ၁၆-ရပ်ကွက်၊ ချမ်းမြေ့သာယာလမ်း၊ အမှတ် (၁၇၀၂/က) ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သောင်ကြီး မြောက်/၁၃၊ မြေကွက်အမှတ်-၁၇၀၂/က၊ ဧရိယာ (၂၀'x၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဝင်းအောင်ဦး (PME-၀၀၃၇၈၆) အမည်ဖြင့် ချထားပေးခြင်းခံရပြီး အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးမောင်စိုးယဉ် [၁၁/ရသတ(နိုင်)၀၅၂၇၂၇]ကမိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာ၊ (၈)ရပ်ကွက်နေ ဒေါ်မြစီ (ဘ) ဦးအောင်သိန်း [၁၄/မအပ(နိုင်)၀၆၇၁၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်မြစီ၏ သားကြီးဖြစ်သူ ကိုဝေဖြိုးအောင် (ဘ) ဦးမြင့်အောင် [၁၄/မအပ(နိုင်)၁၈၁၂၇၄]သည် မိခင်နှင့် ညီ၊ညီမများအား အမျိုးမျိုး စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်ပေါ်မှဆင်းသွားခြင်း၊ မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်အားဆန့်ကျင်ပြီး အမျိုးမျိုးဒုက္ခပေးကာ စိတ်ဆင်းရဲအောင် ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်တွင် ကိုဝေဖြိုးအောင်နှင့်ဆက်နွှယ်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ မိခင်နှင့်ညီ၊ ညီမများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြစီ** | **ဦးရွှေထွန်း** |
| | **အထက်တန်းရှေ့နေ (စဉ်-၆၃၇၄/၁၉၈၂)** |

**တရားမဥပဒေ+စာချုပ်စာတမ်းဥပဒေ**
**သက်သေခံဥပဒေ+အမွေဆက်ခံခြင်းဥပဒေ } ဂုဏ်ထူး**
**U SHWE TUN LAW FIRM**
**တိုက်(၄၆/A)၊ ပထမထပ်(B)၊ ခေမာလမ်း**
**သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**အမှတ်(၆)၊ (၁၀)လမ်း၊ (၉)ရပ်ကွက်၊ မအူပင်မြို့**
**09-777666302, 09-450060320, 09-777300175**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄)၊ (၈)ရပ်ကွက်၊ ဝဏ်ဘာလမ်း၊ အမှတ်(၁၉၀/ခ) ဟုခေါ်တွင်သော အလျား (၂၀)ပေx အနံ (၆၀)ပေ၊ ဧရိယာ (၀.၀၂၇၅)ဧကရှိ ဒေါ်ခင်စောဝင်း အမည်ပေါက် ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ဇော်မြင့် [၁၂/ထတပ(နိုင်)၀၇၄၀၄၆]မှ လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ထက်ထက်အောင် [၁၂/မဂတ(နိုင်)၀၈၇၇၅၂]ထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ထက်ထက်အောင်** | **ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)** |
| | **အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၀)** |
| | **အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၇၂၉၁၇၇၅** |

## ဦးမျိုးမင်းလင်း (၁၂/မဂဒ(နိုင်)၀၈၉၄၁၆)၊ ဦးရူပ[၁၂/ဥကတ(နိုင်)၁၀၃၇၇၁]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးနောင်နောင်လတ် [၁၂/သဃက(နိုင်)၀၄၁၉၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးရူပသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနောင်နောင်လတ်နှင့် လွန်ခဲ့သော (၁၅)နှစ်ကတည်းက ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြပြီး ဦးရူပမှ ၎င်း၏ညီဖြစ်သူ ဦးမျိုးမင်းလင်းသည် Toyota Prado ကားတစ်စီးငှားရမ်းလိုကြောင်း၊ ဦးရူပမှလည်း အာမခံတာဝန်ယူကြောင်းပြောသဖြင့် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူမှ Toyota Prado YGN-(2J-3101) ကားကို ငှားရမ်းရန်ရှာပေးခဲ့ပြီး ကားပိုင်ရှင် ဦးသန့်ဇင်ထံမှ ကားအားငှားရမ်းပေးခဲ့ပြီး လူကြီးမင်းတို့နှင့် (၂၁-၅-၂၀၂၁) ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ ငှားရမ်းပေးခဲ့သည်ကို လူကြီးမင်းတို့အသိပင်ဖြစ်ပါသည်။

ယခုအခါ လူကြီးမင်းတို့သည် ကျွန်ုပ်တို့မိတ်ဆွေထံမှ ငှားရမ်းထားသော YGN-(2J-3101) ကားငှားရမ်းထားသည့် သက်တမ်းမှာ (၂၀-၁၁-၂၀၂၁)ရက်ကတည်းက ပြည့်မြောက်လျက်ရှိပြီး ငှားရမ်းခများကိုလည်း ဦးမျိုးမင်းလင်းမှ မပေးသဖြင့် ကျွန်ုပ်မိတ်ဆွေသည် ကားပိုင်ရှင် ဦးသန့်ဇင်ထံသို့ စိုက်ပေးနေရသည်ကို လူကြီးမင်းတို့ သိစေအပ်ပါသည်။ လူကြီးမင်းတို့ ကားငှားရမ်းခဲ့သည့် သက်တမ်းမှာ ပြည့်မြောက်ကျော်လွန်နေသည့်အပြင် မော်တော်ယာဉ်ငှားရမ်းခ လစာငွေအား ပေးအပ်ရန်ပျက်ကွက်ခဲ့သည်မှာ (၅)လတိုင်တိုင်ရှိခဲ့ပြီး မော်တော်ယာဉ်အား ဆက်လက်၍ မငှားရမ်းလိုတော့ပါသဖြင့် ပြန်လည်ပေးအပ်ပါရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း လူကြီးမင်းတို့မှ ပေးအပ်ရန်ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် လူကြီးမင်းတို့ ငှားရမ်းခဲ့သော Toyota Prado YGN-(2J-3101) ကား နှင့် ကားငှားရမ်းခကျသင့်ငွေများကို (၅) ရက်အတွင်း ကျွန်ုပ်တို့မိတ်ဆွေထံသို့ လာရောက်ပြန်လည်အပ်နှံပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း လူကြီးမင်းတို့ ငှားရမ်းခဲ့သော Toyota Prado YGN-(2J-3101) ကားနှင့် ကားငှားရမ်းခငွေများအား အပ်နှံရန်ထပ်မံပျက်ကွက်ခဲ့ပါက ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမ ကြောင်းအရသော်လည်းကောင်း ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမျိုးမင်းလင်း၊ ဦးရူပနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **LL.B,B.D.S** | **LL.B,D.B.L** | **LL.B** |
| **စဉ်-၁၄၄၇၉/၂၀၁၈** | **စဉ်-၈၅၆၄/၂၀၁၂** | **စဉ်-၅၃၅၆၆/၂၀၂၀** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး- အမှတ် (၉/၁၁)၊ ပထမထပ်၊ (၁၀၃-H)၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၀၅၃၄၆၈၊ ၀၉ ၇၇၅၀၃၄၆၈၊ ၀၉ ၅၁၈၁၂၁၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွယ်(ခ) ဒေါ်နွဲ့
### အသက်(၈၈)နှစ်

သူငယ်ချင်း ဦးကရင်နော်အောင်နှင့် ဒေါ်နန်းနီလာလေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်နွယ်(ခ)ဒေါ်နွဲ့သည် ၂၀-၆-၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၂၇) စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းမှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်ရွှေတင့်
**(DI Export Fashion)**
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၇၅/A)နေ (ဦးပါဠွန့်-ဒေါ်စောရီ)တို့၏ သမီးငယ်၊ ဦးကြင်အောင်၏ဇနီး၊ (ဦးလှသန်း)၊ ဒေါ်ကြည်ကြည်၊ (ဒေါ်လှယု)၊ ဒေါ်ခင်မော်တို့၏ ညီမ၊ ဦးကျော်သက်လင်း-ဒေါ်ခန့်ခန့်ကြီး၊ ဦးဖြိုးသီဟ-ဒေါ်ဝင်းသီဟခိုင်၊ ဒေါ်မိုမိုအေးကြန်တို့၏မိခင်၊ အံ့ဘုန်းညဏ်၊ အံ့ဘုန်းဇံ၊ သီရိရွှေညဏ်တို့၏ အဘွားသည် ၁၉-၆-၂၀၂၂ (တနင်္ဂနွေနေ့) ည ၈:၃၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၆-၂၀၂၂ (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်လှိုင်
**(A/E၊ ဆ/မ-ငြိမ်း)**
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြစ်ထွေးလမ်း၊ အမှတ်(၂၃၈)နေ (ဦးသာဟန်-ဒေါ်သိန်း)တို့၏သား၊ (ဒေါ်ညွန့်တင်)၊ (ဒေါ်ညွန့်ရင်)တို့၏မောင်၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဦးလေးနိုင်-ဒေါ်သီတာ၊ မလှမျိုးနွယ်တို့၏ဖခင် ဦးတင်လှိုင် (ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန-ငြိမ်း)သည် ၂၃-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၆-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွယ်(ခ) ဒေါ်နွဲ့
### အသက်(၈၈)နှစ်

ဦးကရင်နော်အောင် (ညွှန်ကြားရေးမှူး၊ အထွေထွေစီမံခန့်ခွဲရေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်နွယ်(ခ)ဒေါ်နွဲ့ အသက်(၈၈)နှစ်သည် ၂၀-၆-၂၀၂၂ ရက် မွန်းလွဲပိုင်းတွင်ဘုရားသခင်၏အလိုတော်အရ ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုဏ္ဍလ(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)
### သာသနဓဇဓမ္မာစရိယ
### သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (သာသနဓဇဓမ္မာစရိယ)သည် (၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်) ၂၂-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ၁:၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်) ၃၀-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့် စာသင်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

စျာပနကျင်းပရေးကော်မတီ

---

## ဒေါ်မြင့်မြင့်အေး(ပဲခူး)
### အသက် (၉၃)နှစ်

ရန်ကုန်မြို့၊ (၁၂-ဒီ)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးစံကျော်-ဒေါ်ကြင်)တို့၏ သမီး၊ ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း) (လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)-ဒေါ်နွယ်နွယ်အေး(မမနီ)၊ ဦးလှစိုး-ဒေါ်တင်တင်ရွှေ (Top Trading Co.,Ltd၊ မန္တလေး)၊ ဦးသန့်စိုး-ဒေါ်သီတာ(Rainbow Group of Companies)၊ ပါမောက္ခ ဒေါက်တာဇေစိုး (ခေတ္တ-မလေးရှား)-ဒေါက်တာလှလှသန်းတို့၏မိခင်၊ ကိုမိုးအောင်ဆွေ-မပိုပြည့်သူ၊ ကိုအောင်ကျော်ဆွေ-မဇင်မာမျိုးတင့်၊ ကိုဟန်ဝင်းအောင်-မမိုးမမစိုး၊ ဗိုလ်မှူးကျော်ထက်ဆွေ(ငြိမ်း)-မသီတာထွန်း၊ ကိုသုမောင်မောင်စိုး-မထက်ထက်လွင်၊ ကိုနိုင်လင်းအောင်-မမြမွန်သူ၊ ကိုကျော်မျိုးဇင်-မကေခိုင်ကျော်၊ ကိုပြုံးမောင်မောင်စိုး-မစုမွန်အောင်၊ ကိုအောင်သော်အေး-မဟန်နှင်းဝေ၊ ဒေါက်တာကျော်လင်းသန့်-ဒေါက်တာစုမြတ်လွင်၊ ဒေါက်တာသက်ဝင့်ထည်တို့၏အဘွား၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၂ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# (၇)နှစ်ပြည့်အလွမ်း
# ဒေါ်တင်တင်နွယ်(ခ) ဒေါ်တင်တင်နွဲ့
## (၂၄-၆-၂၀၁၅)မှ (၂၄-၆-၂၀၂၂)

လေးစားချစ်ခင် မြတ်နိုးတွယ်တာ တန်ဖိုးထားရပါသော ကျေးဇူးရှင်မွေးမိခင်ကြီး ဒေါ်တင်တင်နွယ်(ခ) ဒေါ်တင်တင်နွဲ့ ကွယ်လွန်ခဲ့သည်မှာ (၇)နှစ်ပြည့်ခဲ့ပါပြီ။ နေ့စဉ်နေ့တိုင်း မေမေရှိနေသကဲ့သို့ စိတ်မှာထင်မှတ်နေထိုင်ကြဆဲပါ။

မေမေ့အတွက် ရည်စူးကာ မေမေလှူဒါန်းနေကျ မေတ္တာဝါဒီ ပရဟိတကျောင်းတွင် လစဉ်နှစ်စဉ်မပျက် လှူဒါန်းအမျှဝေလျက်ပါ။

မေမေ့ကို ချစ်ခင်မြတ်နိုး တန်ဖိုးထားစွာဖြင့် ပြုပြုသမျှ ဒါန သီလဘာဝနာကုသိုလ်အစုစုကို မြင့်မြတ်အေးချမ်းသောဘုံဘဝမှာ သာဓုအနုမောဒနာခေါ်ဆိုပြီး နိဗ္ဗာန်မင်္ဂဖိုလ်ကို မေမေအမြန်ဆုံး မျက်မှောက်ပြုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**
**အမှတ်-၆/ဒီ၊ နံ့သာကုန်းရိပ်သာလမ်း၊ အင်းစိန်မြို့နယ်**

---

## အထူးဂမ်းနည်းကြေကွဲခြင်း
### ဒေါ်မြင့်မြင့်အေး
### အသက် ( ၉၃ ) နှစ်
### ( ပဲခူး )

မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (Federation of MLCA) မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ **ဦးသန့်စိုး**၏မိခင် **ဒေါ်မြင့်မြင့်အေး**သည် ဇွန်လ ၂၃ ရက် (ကြာသပတေးနေ့) ၁၀း၁၅ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ
မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်ကြည်
### အသက်(၇၆)နှစ်

ဒေါ်မိုးသူဇာတင် (ဦးစီးအရာရှိ၊ ဘဏ္ဍာရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်မြို့)၏မိခင် ဒေါ်မြင့်ကြည် အသက်(၇၆)နှစ်သည် ၂၂-၆-၂၀၂၂ ရက် နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘဏ္ဍာရေးဌာနခွဲမိသားစုများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ တိုက်အမှတ်-(၁၀၇၉)တွင်ဆောက်လုပ်ထားသော (၁)ခန်း(၆)ထပ်တိုက်၏ တတိယထပ်(၄)လွှာဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဇော်မိုး(၁၂/လမန(ဧည့်)၀၀၀၄၉၀) မှ တရားဝင်လက် ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါရှိသည့်နေ့မှ(၇)ရက် အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက် အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကေခိုင်မြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၄၀)၊၀၉၂၅၀၄၉၉၇၅၉

---

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်မြ
သက်ကြီးကန်တော့ခံ
### အသက်(၉၃)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မော်လမြိုင်ကျွန်းလမ်း၊ အမှတ်(၅၄၂၀-ဒီ)၊ သုခဂေဟာနေ ဆရာကြီး(ဦးသိန်းလှိုင်)၏ဇနီး၊ ဗိုလ်မှူးချုပ်သက်စိုး(ငြိမ်း)၏ မွေးသမိခင်သည် ၂၀-၆-၂၀၂၂ ရက် ညနေ ၅:၁၀ နာရီတွင် နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ အမှတ်(၇၃၁)၊ အကျယ် (၄၀x၆၀)ပေ ဂရန်အမည်ပေါက် ဦးမိုးချိန် [၉/မရတ(နိုင်)၁၀၅၉၄၉]၏မြေကို စာချုပ်အဆက်အစပ်များနှင့်ဝယ်ယူထားသူ ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်)၀၀၅၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအေး [၁၂/သဃက(နိုင်)၁၅၃၅၃၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်း/အဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ အမှတ်(၇၃၀)၊ အကျယ် (၄၀x ၆၀)ပေ၊ ဂရန်အမည်ပေါက် ဦးမိုးချိန်[၉/မရတ(နိုင်)၁၀၅၉၄၉]၏ မြေကို စာချုပ်အဆက်အစပ်များနှင့် ဝယ်ယူထားသူ ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်)၀၀၅၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျိုန်ရင်ရှမ်း [၁၃/လရန(နိုင်)၁၉၀၂၅၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(-)တည်ရှိရာ (၂၃x၉၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးသူဇာ [၁၂/ဗတထ(နိုင်)၀၃၉၂၉၃]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းနိုင် [၁၂/လမန(နိုင်)၀၀၆၄၃၁]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၄၉၉)** |

**အမှတ်(၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

# မူး ယစ် ကို ပစ် ပန်း တိုင် သစ်
# စိတ် သစ် လူ သစ် ဘ ဝ သစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင် လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည် ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ် ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက် ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၁

## MNL အမှတ်ပေးပြိုင်ပွဲ ဇွန် ၂၅ ရက် စတင်ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁)ကို ဇွန် ၂၅ ရက်မှစ၍ ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို တစ်ပတ်လျှင် ငါးပွဲနှုန်းဖြင့် ကျင်းပမည် ဖြစ်ပြီး စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် ပြုလုပ်မည်ဖြစ်သည်။ ၂၀၂၂ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင် ဟံသာဝတီ၊ ရှောဝတီ၊ ရန်ကုန်၊ မြဝတီ၊ မဟာယူနိုက်တက်၊ ရခိုင်ယူနိုက်တက်၊ ISPE (အား/ကာသိပ္ပံ)၊ GFA နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

### ယှဉ်ပြိုင်ကစားမည်

ပွဲစဉ်(၁)အဖြစ် ဇွန် ၂၅ ရက်တွင် မြဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇွန် ၂၆ ရက်တွင် ဟံသာဝတီအသင်းနှင့် ရှောဝတီအသင်း၊ ဇွန် ၂၇ ရက်တွင် မဟာယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇွန် ၂၉ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဇွန် ၃၀ ရက်တွင် GFA အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်အားလုံးကို ညနေ ၃ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့်ကလပ်အသင်းအားလုံးသည် ရာသီသစ်အတွက် ပြင်ဆင်မှုများစွာပြုလုပ်ထားပြီး အသင်းအများစုမှာမူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

## မြိုင်မြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ Drone ယာဉ်ဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ငါးလသားအရွယ် အမြွှာကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံး၊ ကျန်အမြွှာကလေးငယ် တစ်ဦးနှင့် မိသားစုဝင် သုံးဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၃

NUG ၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ အစွန်းရောက်နိုင်ငံရေးအယူဝါဒများကို အခြေခံ၍ ဒေသအချို့၌ အစိုးရရုံး အဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံ၊ လမ်းတံတားများ၊ ဘုရားကျောင်းကန်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများနှင့် စေတီပုထိုးများ၊ ကျေးရွာနှင့် ပြည်သူလူထုအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား တိုက်ခိုက်ခြင်းများအပြင် အပြစ်မဲ့ပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းနှင့် စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻



သေဆုံးသူ ဒေါ်စောနွယ်နှင့် ဒဏ်ရာရရှိခဲ့သည့် ဇင်မာသိမ့်၊ ဇော်မင်းထက်၊ သီတာငြိမ့်တို့ လေးဦးမှတ်တမ်းဓာတ်ပုံ။



ဒဏ်ရာရရှိခဲ့သည့် ငါးလသားအရွယ် ကလေးငယ်၏ မှတ်တမ်းဓာတ်ပုံ။

## မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေ လာမည့်ရက်များတွင် နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်



မန္တလေး ဇွန် ၂၃

မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေသည် ယခု ဇွန်လ၏ တတိယ ၁၀ ရက်ပတ်(၂၀ ရက်မှ ၃၀ ရက်) အတွင်း ခန့်မှန်းချက်များအရ လက်ရှိမြစ်ရေ အမှတ်ထက် နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မိုး/ဇလညွှန်ကြားမှုဦးစီးဌာန၏ မြစ်ရေအခြေအနေ နေ့စဉ်ထုတ်ပြန်ချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်း၌ ဇွန် ၁၆ ရက်က ၉၂၉ စင်တီမီတာရှိရာမှ ဇွန် ၂၃ ရက်တွင် ၁၁၃၃ စင်တီမီတာသို့ မြင့်တက်လာခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✪


ယနေ့ ဖတ်စရာ

**အာဖဂန်ငလျင်ကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိလာ၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၁၃

**မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက် ခြိမ်းခြောက်မှုများ လုပ်ဆောင်**

စာမျက်နှာ » ၁၅